# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် ဩဂုတ်လ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၈)၊ အမှတ်(၂၄၇)၊ ၁၃၈၇ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၃ ရက်၊ ၁၁-၈-၂၀၂၅၊ တနင်္လာနေ့။


## မြတ်ဗုဒ္ဓ၏ အဆုံးအမတရား

ရတနာသုံးပါးတည်းဟူသော ဤကိုးကွယ်ရာသည် သာလျှင် ဘေးကင်းစေနိုင်သော ကိုးကွယ်ရာ၊ မြတ်သော ကိုးကွယ်ရာမည်၏။ ဤရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်သည့်အတွက် ဆင်းရဲအားလုံးမှ လွတ်၏။

(ဓမ္မပဒ)

## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံ ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထု တစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

## မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင်ရှိ စပျစ်စိုက်ခင်းများ ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး ဒေသခံတောင်သူများနှင့် တွေ့ဆုံဆွေးနွေး

နေပြည်တော် ဩဂုတ် ၁၀

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်သည် ယနေ့ နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် ရွာတန်းကျေးရွာအုပ်စုရှိ စပျစ်စိုက်ခင်းများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး ဒေသခံတောင်သူများနှင့် တွေ့ဆုံသည်။



### တိုးချဲ့စိုက်ပျိုး

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက နိုင်ငံ၏စားရေရိက္ခာဖူလုံရေးနှင့် ကုန်ဈေးနှုန်းတည်ငြိမ်ရေးအတွက် ဆန်စပါးနှင့် အဓိကရိက္ခာသီးနှံများ၏ စိုက်ပျိုးထုတ်လုပ်မှုကို မထိခိုက်စေရန် လယ်ယာမြေများ အသုံးပြုခြင်းကို ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ထိန်းကျောင်းကြပ်မတ်ဆောင်ရွက်လျက်ရှိကြောင်း၊ စပျစ်အပါအဝင် တောင်သူများ စိုက်ပျိုးလုပ်ကိုင်လိုသည့် ဝင်ငွေရသီးနှံများ တိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများကို အသုံးပြုခွင့် လုပ်ပိုင်ခွင့်များ ချထားပေးလျက်ရှိကြောင်း၊ စပျစ်သီးနှံ စိုက်ပျိုးရာတွင်လည်း စားစပျစ်စိုက်ပျိုးခြင်းအပြင် ဝိုင်ထုတ်လုပ်သည့် ဝိုင်စပျစ်များကို စီးပွားဖြစ်စိုက်ပျိုးခြင်းကိုလည်း ဆောင်ရွက်ရန် တိုက်တွန်းလိုကြောင်း၊ စပျစ်တောင်သူများ ဈေးကွက်ရရှိရေးကိုလည်း ဝိုင်လုပ်ငန်းရှင်များ ပေါင်းစပ်ပေးပြီး နှစ်ဦးနှစ်ဖက်အကျိုးရှိစေရန် Contract Farming စနစ်ဖြင့် ဆောင်ရွက်နိုင်ကြောင်း။

### ဝိုင်းဝန်းကြိုးပမ်း

ထိုသို့ ဆောင်ရွက်ခြင်းဖြင့် တောင်သူများရော လုပ်ငန်းရှင်များပါ အကျိုးစီးပွားဖြစ်ထွန်းစေပြီး နိုင်ငံတော်အတွင်း စီးပွားရေးတိုးတက်ကောင်းမွန်လာစေမည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ စပျစ်စိုက်ပျိုးထုတ်လုပ်ရေးလုပ်ငန်း အကောင်အထည်ဖော်ဆောင်နိုင်မှု စွမ်းအားရှိသည့် တောင်သူကြီးများအနေဖြင့် စွန့်ဦးလုပ်ကိုင်ကြစေလိုကြောင်း၊ အခြားတစ်ဖက်တွင်လည်း ရမည်းသင်းဒေသ၏ ဝါသီးနှံစိုက်ပျိုးရန် နှစ်အလိုက်လျာထားဧက ပြည့်မီစွာ စိုက်ပျိုးနိုင်ရေးနှင့် တစ်ဧကသတ်မှတ်ဝါဂွမ်းအထွက်ပိဿာ ရရှိရေးကို ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့နှင့် သက်ဆိုင်ရာ ဌာနများ၊ တောင်သူများ ဝိုင်းဝန်းကြိုးပမ်းကြရန်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် သက်ဆိုင်ရာ ညွှန်ကြားရေးမှူးချုပ်များက သက်ဆိုင်ရာကဏ္ဍအလိုက် လိုက်နာဆောင်ရွက်ရမည့် နည်းပညာရပ်ဆိုင်ရာများကို ဆွေးနွေးတင်ပြပြီး ဒေသခံတောင်သူများ၏ တင်ပြချက်များကို ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

ထို့နောက် ရမည်းသင်းမြို့နယ်ရှိ လဲဖြူရေထိန်းတမံသို့ ရောက်ရှိပြီး ရာဂီမုန်တိုင်းအရှိန်ကြောင့် တမံအတွင်း သဲနုန်းများဖုံးလွှမ်းမှုကို တိုင်းဒေသကြီးအစိုးရ၏ ဘဏ္ဍာရန်ပုံငွေဖြင့် ပြုပြင်ရေးဆောင်ရွက်နိုင်ရန်နှင့် လက်ရှိတမံအား ပြုပြင်ခြင်းထက် အခြားသင့်လျော်သော နေရာသစ်တွင် ဆောင်ရွက်ခြင်းက ကုန်ကျစရိတ်သက်သာနိုင်ခြင်း ရှိ၊ မရှိ သုံးသပ်၍ နေရာသစ်ရှာဖွေရန် လိုအပ်ကြောင်း ဆွေးနွေးမှာကြား၍ ကျီးနီကန်၏ ရေဝင်ရောက်မှုနှင့် ရေသောက်ဧရိယာအတွင်း စိုက်ပျိုးရေပေးဝေနေမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## ယနေ့ ဖတ်စရာအညွှန်း


မိုးကြိုးပစ်ခြင်းကို ဖြစ်ပေါ်စေသည့် အစပျိုးပေးသော ဖြစ်စဉ်အဆင့်ဆင့်ကို ပင်ဆယ်လ်ဗေးနီးယားပြည်နယ်တက္ကသိုလ်မှ သုတေသီများ ဖော်ထုတ်

စာမျက်နှာ ၇

မဟာမုနိ ရွှေထီးတော်ကြီး (ဆောင်းပါး)

စာမျက်နှာ ၁၇


## မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် ဩဂုတ် ၁၀

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ကယားပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် နေရာကျဲကျဲ၊ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်ပါသည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**နေပြည်တော်နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မန္တလေးမြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

မိုး/ဧလ

၂၀၂၅ ခုနှစ် ၊ ဩဂုတ် ၁၁ ရက်၊ တနင်္လာနေ့။

မန္တလေး

# တန်ဖိုးရှိသောအချိန်ကို အကျိုးရှိရှိ အသုံးချပါ

လူ့ဘဝသည် ရခဲလှပြီး တန်ဖိုးရှိသည်။ လူ့ဘဝသည်သာ အရာရာကို ဆောင်ရွက်နိုင်မည်သာဖြစ်သည်။ အရာရာကိုလည်း ဖန်တီးနိုင်မည်ဖြစ်သည်။ အမှုကိစ္စဟူသမျှတို့ကို ပြုလုပ်နိုင်မည်ဖြစ်သည်။ အများအကျိုး၊ တိုင်းပြည်အကျိုးဆောင်ရွက်နိုင်မည်ဖြစ်သည်။ လူသားတိုင်း ပြုမူဆောင်ရွက်သင့်သည်များကို ပြောင်းလဲနေသောအချိန်နှင့်လိုက်ဖက်ညီစွာ လုံ့လစိုက်ထုတ်ကာ ဆောင်ရွက်သင့်သည်။ အရာအားလုံးသည်လည်း အချိန်တိုင်းတွင် ပြောင်းလဲနေလေ့ရှိသည်။ ထို့ကြောင့် လူသားတိုင်း တန်းတူရရှိထားသည့် အဖိုးတန်သော အချိန်ကို မဖြုန်းတီးဘဲ အကျိုးရှိစွာ အသုံးချသင့်သည်။ ရရှိထားသည့်အချိန်ကို ခွဲခြားပိုင်းဖြတ်ပြီး အလုပ်လုပ်တတ်လျှင် တိုးတက်မှုအကျိုးကို ခံစားရမည်ဖြစ်သည်။ အလကားရရှိထားသည့် အချိန်ကို လူသားတိုင်း အခမဲ့ယူသုံးနိုင်သည်။ လူတို့၏အသက်သည်လည်း အချိန်တွင်တည်မှီနေသည်။ လူတို့၏ဘဝသည် လည်း အချိန်နှင့်တစ်ပြေးညီဖြတ်သန်းရှင်သန်နေရသည်။ လုပ်သင့်သောအချိန်တွင် မလုပ်မိပါက အဆုံးအရှုံးများနှင့် ရင်ဆိုင်ရမည်ဖြစ်သည်။ ကုန်လွန်သွားသောအချိန်ကို ပြန်လည်၍ အစားထိုးမရနိုင်ပါ။ ထို့ကြောင့်တိုးတက်ကြီးပွားလိုသူတိုင်း ပညာရှာဖွေလိုသူတိုင်း တရားဘာဝနာရှာဖွေလိုသူတိုင်း အချိန်ကို စနစ်တကျ အသုံးချသင့်ပါသည်။ အချိန်ရှိခိုက်လုံ့လစိုက်၍ ကြိုးပမ်းအားထုတ်မှသာ တန်ဖိုးရှိသောဘဝဖြစ်မည်။ တန်ဖိုးရှိသောဘဝကို မိမိအတွက်၊ မိမိအသိုက်အဝန်းအတွက်၊ မိမိနိုင်ငံအတွက် ကောင်းအောင် လုံ့လစိုက်မှသာ မျှော်မှန်းသည့်အတိုင်း ဖြစ်လာနိုင်မည်။ အဓိကမှာ လုပ်ချင်ကိုင်ချင်သော ပြင်းပြသည့်စိတ်ဆန္ဒရှိဖို့သာ လိုရင်းဖြစ်သည်။ အချိန်တိုင်းတွင် မိမိတို့ဆောင်ရွက်သင့်သည်များကို လုံ့လစိုက်၍ ဆောင်ရွက်သင့်သည်။ လုံ့လဝီရိယမပါလျှင်မည်သည့်ကိစ္စမျှ မအောင်မြင်နိုင်ပေ။ လုံ့လဟူသည် ကြိုးစားအားထုတ်လုပ်ဆောင်ခြင်း၊ တစ်နည်းအားဖြင့် ကြိုတင်ပြင်ဆင်ခြင်းသဘောပင်ဖြစ်သည်။ လုံ့လစိုက်ထုတ်ရာတွင်လည်း ညီညွတ်မျှတသော လုံ့လသာလျှင်ဖြစ်သင့်သည်။ လူ့ဘဝသည် တစ်ခဏသာဖြစ်သည်။ လူ့ဘဝတွင် ရရှိလာသော အချိန်သည်အကန့်အသတ်ရှိသည်။ ထို့ကြောင့် အချိန်ရှိခိုက်လုံ့လစိုက်ဟု ဆိုရိုးပြုခဲ့ကြသည်။ အချိန်ကို လေးစားတန်ဖိုးထားရမည်ဖြစ်သည်။ မိမိတို့အသက်သည် တန်ဖိုးရှိသကဲ့သို့ အချိန်သည်လည်း တန်ဖိုးရှိမည်ဖြစ်သည်။ အချိန်တန်ဖိုးကြီးမားသည်ဆိုခြင်းမှာ အကြောင်းမဲ့ဆိုခြင်းမဟုတ်ပါ။ ခိုင်မာသော အကြောင်းအကျိုးဆက်နွှယ်မှုများရှိသည်။ ကန့်သတ်ထားသော အချိန်အတွင်း၌သာ အခွင့်အလမ်းများကို ရယူရန်နိုင်မည်ဖြစ်သည်။ အချိန်ကိုလေးစားတန်ဖိုးထားရုံနှင့်မပြီးသေးပါ။ လူ့ဘဝသက်တမ်းတစ်လျှောက် စိတ်ချမ်းသာကိုယ်ချမ်းသာနှင့် နေထိုင်နိုင်အောင် အားထုတ်ရမည်ဖြစ်သည်။ အားထုတ်နည်းမှာ ငါးပါးသီလကို လုံခြုံစွာ စောင့်ထိန်းခြင်းဖြစ်သည်။ လူ့ဘဝရခြင်းသည်လည်း မနုဿတ္တဘာဝေါ ဒုလ္လဘောဟူသည်နှင့်အညီ ထိုက်ထိုက်တန်တန်ရခြင်းဖြစ်သည်။ သို့ဖြစ်ရာ လူတိုင်းလူတိုင်း အောင်မြင်မှုရယူလိုလျှင် တန်ဖိုးရှိသောအချိန်ကို အကျိုးရှိရှိအသုံးချပြီးမှန်မှန်ကန်ကန် ကြိုးစားအားထုတ်ရန်အတွက်ဖွဲ၊ လုံ့လကို အရင်းတည်ကာ နေထိုင်သွားလာရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။

# မန္တလေးတက္ကသိုလ် ရာပြည့်မင်္ဂလာ ဖြစ်မြောက်ရေးကော်မတီ ညှိနှိုင်းအစည်းအဝေး ကျင်းပ



**မန္တလေး ဩဂုတ် ၁၀**

မန္တလေးတက္ကသိုလ် နှစ် ၁၀၀ ပြည့် အထိမ်းအမှတ်အဖြစ် ဂုဏ်ပြုထုတ်ဝေမည့် ရာပြည့် မင်္ဂလာ ဖြစ်မြောက်ရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီက ချမ်းမြသာစည်မြို့နယ် သူရိန်နန်း ကိုယ်ပိုင်အထက်တန်းကျောင်းတွင် ကျင်းပသည်။ (ဓါတ်ပုံ)

လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ မင်္ဂလာဖြစ်မြောက်ရေး ကော်မတီဝင်များ စုံညီစွာ တက်ရောက်၍ မင်္ဂလာအချိန်မှီ ထွက်ရှိရေး၊ အရည်အသွေးကောင်းမွန်ရေး ကိစ္စရပ်များကို ညှိနှိုင်းဆွေးနွေးကြသည်။ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသည် နံနက် ၁၁ နာရီခွဲတွင် ပြီးဆုံးသည်။ အစည်းအဝေးအပြီးတွင် မန္တလေးတက္ကသိုလ် နှစ် ၁၀၀ ပြည့် အထိမ်းအမှတ် အာစရိယပူဇော်ပွဲအတွက် အလှူ ငွေ ကျပ် ၂ သိန်းကို မန္တလေးတက္ကသိုလ် မြန်မာစာဌာန ပါမောက္ခ ဒေါက်တာ အောင်ကျော်မိုးက ပေးအပ်လှူဒါန်းရာ မန္တလေးတက္ကသိုလ် နှစ် ၁၀၀ ပြည့် အခမ်းအနား ကျင်းပရေးကော်မတီဝင်များနှင့် ရာပြည့်မင်္ဂလာ ကော်မတီမှ တာဝန်ရှိသူများက လက်ခံရယူခဲ့ကြောင်း သိရသည်။

(ဝင့်၁)

# မန္တလေးမြို့မ အပျော်တမ်းတူရိယာအသင်း နှစ်(၁၀၀)ပြည့် ပွဲတော်ကျင်းပနိုင်ရေး ဘဏ္ဍာငွေရှာကြံရေးကော်မတီ ဖွဲ့စည်းတာဝန်ပေးအပ်

**မန္တလေး ဩဂုတ် ၁၀**

မန္တလေးမြို့မ အပျော်တမ်းတူရိယာအသင်း နှစ် (၁၀၀)ပြည့် အထိမ်းအမှတ် ပွဲတော်ကျင်းပနိုင်ရေး ဘဏ္ဍာငွေရှာကြံရေးကော်မတီ ဖွဲ့စည်းတာဝန်ပေးအပ်ခြင်းကို ဩဂုတ်လ ၉ ရက်နေ့နံနက်ပိုင်းက မန္တလေးမြို့ အောင်မြေသာစံမြို့နယ်၊ ၈၆ လမ်းနှင့် ၂၁လမ်းထောင့်ရှိ မြို့မအသင်းတိုက်တွင် ကျင်းပပြုလုပ်သည်။

အခမ်းအနားတွင် မြို့မ အပျော်တမ်း တူရိယာအသင်း ဥက္ကဋ္ဌ ဒေါက်တာလှခိုင်က အဖွင့်အမှာစကားနှင့် အစည်းအဝေးမှ ဆန္ဒခံယူပြီး ကော်မတီဖွဲ့စည်းမှုကို ရှင်းလင်းပြောကြားသည်။

အဆိုပါအစည်းအဝေး ဆုံးဖြတ်ချက်အရ ဘဏ္ဍာငွေရှာကြံရေးကော်မတီအား နာယကကြီးများအဖြစ် ဆရာဦးအောင်မြင့် (ဘိသိက်)၊ ဦးသန့်ဇော် (မြို့မ)၊ ဥက္ကဋ္ဌ ဦးခင်မောင်ဆွေ၊ ဒုတိယဥက္ကဋ္ဌ ဦးခင်မောင်ထွေး(မန်းမြင့်မိုရ်ဟိန်းကုမ္ပဏီ) အဖွဲ့ဝင်များအဖြစ် ဦးမောင်မောင်ညို၊ ဦးဖိုးကျော်၊ ဒေါ်နှင်းနှင်းတို့အား ဖွဲ့စည်းတာဝန်များ ပေးအပ်ကြပြီး အသင်းဥက္ကဋ္ဌ ဒေါက်တာလှခိုင်က နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)ကျော်မင်းသော်**



# မြို့မစာကြည့်တိုက် ငါးနှစ်ပြည့် အခမ်းအနား ကျင်းပ

**မန္တလေး ဩဂုတ် ၁၀**

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ မြို့မစာကြည့်တိုက် ငါးနှစ်ပြည့်အထိမ်းအမှတ် အမှုဆောင်အသစ် ရွေးချယ်ဖွဲ့စည်းခြင်းနှင့် အလှူငွေ ပေးအပ်ပွဲအခမ်းအနားကို ဩဂုတ် ၁၀ ရက်နေ့ နံနက် ၁၀ နာရီက ကျင်းပပြုလုပ်ကြသည်။ အစီအစဉ်အရ စာကြည့်တိုက်မှူး ဦးညွန့်လှိုင် (ဖိုးလှိုင်လေး)က အခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပြီး မြို့မစာကြည့်တိုက်နာယက စာရေးဆရာ မာဃသိန္ဒ(ပုသိမ်ကြီး)၊ မြို့မစာကြည့်တိုက် ဥက္ကဋ္ဌ ဦးလှရွှေတို့က အဖွင့်အမှာစကား ပြောကြားသည်။ ဆက်လက်၍ အမှုဆောင် ၁၅ ဦးဖြင့် ကော်မတီအသစ် ဖွဲ့စည်းကြသည်။ ထို့နောက် တက်ရောက်လာသူများက မြို့မစာကြည့်တိုက် ပြန်လည်ပြုပြင်နိုင်ရန် အလှူငွေများ လှူဒါန်းကြသည်။ အဆိုပါ မြို့မစာကြည့်တိုက်မှာ ငလျင်ဒဏ်ကြောင့် ပျက်စီးခဲ့ရသောနေရာများ ပြန်လည်ပြုပြင်နိုင်ရန်အတွက် အလှူငွေများ လှူဒါန်းနိုင်ကြောင်း သိရသည်။ K Pay နံပါတ်မှာ ဖုန်းနံပါတ် ၀၉-၇၅၀၅၇၉၉၁၂ (ဦးညွန့်လှိုင်) စာကြည့်တိုက်မှူး ဖြစ်သည်။ (၀၉၁)




# စစ်ကိုင်းမြို့တွင် အသိပညာပေးဟောပြောပွဲနှင့် လက်တွေ့သရုပ်ပြပွဲ ကျင်းပ

**စစ်ကိုင်း ဩဂုတ် ၁၀**

စစ်ကိုင်းမြို့တွင် ရှေးဦး အရွယ်ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ဥပဒေအကြောင်း၊ ငလျင်ဘေး အန္တရာယ်အကြောင်း၊ မီးဘေး အန္တရာယ်ကြိုတင်ကာကွယ်ရေး အကြောင်း အသိပညာပေးဟောပြောပွဲနှင့် လက်တွေ့သရုပ်ပြသပွဲကို ယနေ့နံနက်ပိုင်းကစစ်ကိုင်းမြို့၊ လူမှုဝန်ထမ်းမူကြိုကျောင်း၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ စစ်ကိုင်းခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးမျိုးအောင်က အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်ပြီး ခရိုင်လူမှုဝန်ထမ်းဦးစီးဌာန၊ ခရိုင်ဦးစီးမှူး ဒေါ်နွယ်နွယ်အောင်က ရှေးဦး အရွယ်ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ဥပဒေအကြောင်း၊ ခရိုင်ဘေး အန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန၊ ဦးစီးအရာရှိ ဦးသက်ပိုင်ဦးက ငလျင်ဘေးအန္တရာယ် အကြောင်း သိကောင်းစရာများကို အသီးသီး ဟောပြောပေးခဲ့ကြသည်။

ထို့နောက် မြို့နယ်မီးသတ်ဦးစီးဌာနမှ ဝန်ထမ်းများက မီးလောင်မှုဖြစ်ပွားပါက မီးသတ်ဆေးဗူးအသုံးပြု၍ မီးငြိမ်းသတ်နည်းနှင့် အခြားမီးငြိမ်းသတ်နည်းအမျိုးမျိုးအား လက်တွေ့သရုပ်ပြသခဲ့ကြောင်း သိရသည်။

**နေလင်းအောင်(ပြန်/ဆက်)**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ်စာ မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/၀၉-၇၅၁၁၇၀၁၁၉
၃၅လမ်းနှင့် ၇၁လမ်းထောင့်

2025 August (12) International Youth Day

"Local Youth Actions For The SDGs And Beyond"

"လူငယ်စွမ်းအားမှသည် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှု ပန်းတိုင်ဆီသို့"

ကျန်းမာရေးဝန်ကြီးဌာန

အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များ

၂၀၂၅ ခုနှစ်၊ ဩဂုတ်လ

| | |
|---|---|
| ပထမပတ် | - မိခင်နို့ စနစ်တကျတိုက်ကျွေးရေးရက်သတ္တပတ် |
| ဒုတိယပတ် | - ငါးနှစ်အောက်ကလေးများနှင့် ကျောင်းသားလူငယ်များ အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ် |
| တတိယပတ် | - ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ် |
| စတုတ္ထပတ် | - အိုင်အိုဒင်းချို့တဲ့ရောဂါများ ပပျောက်ရေးရက်သတ္တပတ် |

## နိုင်ငံတစ်ဝန်း ဘော်လီဘောပြိုင်ပွဲများကျင်းပပြီး ဘော်လီဘောအားကစားဖြင့် မြန်မာ့အားကစားကို မြှင့်တင်ပေးနိုင်အောင်စွမ်းဆောင်

ရန်ကုန် ဩဂုတ် ၁၀

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ ဘော်လီဘောအဖွဲ့ချုပ်တို့ ပူးပေါင်းဖွင့်လှစ်သော မြန်မာနိုင်ငံ ဘော်လီဘော ဒိုင်လူကြီး (Referee) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် မိုးလုံလေလုံ အားကစားရုံ၌ကျင်းပရာ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထိန်လင်းနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ဘော်လီဘောအဖွဲ့ချုပ် ဥက္ကဋ္ဌ၊ သင်တန်းနည်းပြများ၊ ဒိုင်လူကြီးများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယဝန်ကြီးက နိုင်ငံတစ်ဝန်း ဘော်လီဘောပြိုင်ပွဲများ ကျင်းပနိုင်ရေး၊ ဥပဒေသများ ကျွမ်းကျင်မှု၊ ကိုယ်ကျင့်တရားကောင်းမွန်မှု၊ အဂတိတရားကင်းမှု၊ သမာသမတ်ကျ မှန်ကန်စွာဆုံးဖြတ်ပေးနိုင်သော ဒိုင်လူကြီးများဖြစ်စေရေးနှင့် ပြည်တွင်းသာမက အပြည်ပြည်ဆိုင်ရာ ဘော်လီဘောအဖွဲ့ချုပ် အသိအမှတ်ပြုဒိုင်လူကြီးများဖြစ်အောင် ကြိုးစားကြပြီး ဘော်လီဘောအားကစားဖြင့် မြန်မာ့အားကစားကို မြှင့်တင်ပေးနိုင်အောင် စွမ်းဆောင်ကြရေး တိုက်တွန်းမှာကြားသည်။ (ယာပုံ)

ထို့နောက် မြန်မာနိုင်ငံ ဘော်လီဘောအဖွဲ့ချုပ် ဥက္ကဋ္ဌနှင့် အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်တို့က သင်တန်းလိုအပ်ချက်များအား ဖြည့်စွက်မှာကြားသည်။

အဆိုပါ ဘော်လီဘောဒိုင်လူကြီးသင်တန်းသို့ သင်တန်းသား ၂၅ ဦး၊ သင်တန်းသူ ၁၅ ဦး စုစုပေါင်း ၄၀ တက်ရောက်ကြပြီး ဩဂုတ် ၁၀ ရက်မှ ၁၇ ရက်အထိ စာတွေ့ လက်တွေ့ သင်ကြားမည်ဖြစ်ကြောင်း သိရသည်။

ညနေပိုင်းတွင် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် သဃ်န်းကျွန်းမြို့နယ် လူငယ်အားကစား လေ့ကျင့်ရေးစခန်း(သုဝဏ္ဏ) ဘောလုံးကွင်း၌ ကျင်းပသော AFC U-20 Women's ASIAN Cup Thailand 2026 Qualifiers ပြိုင်ပွဲအုပ်စု (D)ပွဲစဉ်အဖြစ် မြန်မာ(U-20) အမျိုးသမီးအသင်းနှင့် အိန္ဒိယ(U-20)အမျိုးသမီးအသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးခဲ့သည်။

သတင်းစဉ်



## နောင်ချိုမြို့နယ်အတွင်းရှိ ပြည်သူ့ဆေးရုံကြီး၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်



နေပြည်တော် ဩဂုတ် ၁၀

ရှမ်းပြည်နယ် (မြောက်ပိုင်း) နောင်ချိုမြို့၌ ဒေသခံတိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ အဆင်ပြေချောမွေ့စေရန်အတွက် အကြမ်းဖက်သမားများ ဖျက်ဆီးခဲ့သည့် နောင်ချိုမြို့နယ် ပြည်သူ့ဆေးရုံကြီးအား ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ ဩဂုတ် ၂ ရက်တွင် ပြန်လည်ဖွင့်လှစ်ပေးခဲ့ပြီး ဒေသခံတိုင်းရင်းသားပြည်သူများအား လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင်ပြည်သူ့ဆေးရုံကြီး၌ ပြင်ပလူနာ ၆၈ ဦးတို့ကို ငှက်ဖျားရောဂါ၊ တုပ်ကွေးရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေး စစ်ဆေး ကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ဒေသခံပြည်သူ ၄၂ ဦးအား သွေးအမျိုးအစား စစ်ဆေးပေးခြင်းနှင့် ငှက်ဖျားပိုး စစ်ဆေးပေးခြင်းများ ဆောင်ရွက်ပေးသည်။ ထို့ပြင် ပြည်သူ့ဆေးရုံကြီး၌ အတွင်းလူနာအဖြစ် တက်ရောက်ဆေးကုသမှု ခံယူလျက်ရှိသည့် လူနာ ၃၀ တို့အား ဆေးအဖွဲ့များက လိုအပ်သည့် ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ပြင် မီးသတ်တပ်ဖွဲ့များက နောင်ချိုမြို့ ပါဟတ်ရပ်ကွက် ဓမ္မာရုံလမ်းဘေး ဝဲ/ယာမှ ချုံနွယ်များအား ခုတ်ထွင်ရှင်းလင်းခြင်း၊ ရေစီးရေလာ ကောင်းမွန်စေရန် ရေနုတ်မြောင်းများ တူးဖော်ခြင်း လုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## မြန်မာတို့၏ ပြည်တွင်းထုတ်ကုန်များ ခင်းကျင်းပြသ

ရန်ကုန် ဩဂုတ် ၁၀

မြန်မာနိုင်ငံ၏ ဒေသအသီးသီးမှ ထုတ်ကုန်များနှင့် စားသောက်ကုန်များကို ခင်းကျင်းပြသရောင်းချသည့် ဂုဏ်ယူဖွယ်ရာ မြန်မာ့ထုတ်ကုန်ပြပွဲနှင့် စီးပွားရေးလုပ်ငန်းရှင်များ တွေ့ဆုံပွဲကို ယမန်နေ့က ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် ဆူးလေဘုရားလမ်းနှင့် ကမ်းနားလမ်းထောင့်ရှိ ERAVATI Hotel ၌ ကျင်းပသည်။

အဆိုပါပြပွဲတွင် မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့၊ မြန်မာနိုင်ငံ ဗမာတိုင်းရင်းသားလုပ်ငန်းရှင်များအသင်း ၊ မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်းတို့မှ အသင်းဝင်များ၏ ပြည်တွင်းထုတ်ကုန်များ၊ မြန်မာနိုင်ငံဆိုင်ရာ စင်ကာပူလုပ်ငန်းရှင်များအသင်း၊အီဂျစ်၊ ဘင်္ဂလားဒေ့ရှ်၊ မလေးရှားနိုင်ငံသံရုံးတို့မှ မိမိတို့နိုင်ငံ၏ လက်မှုအနုပညာထုတ်ကုန်များကို ပူးပေါင်းပါဝင်ပြသသည်။

မြန်မာတို့၏ချည်ထည်အဝတ်များ၊ မြန်မာ့ရက်ကန်းအထည်များ၊ ရိုးရာဝတ်စုံများ၊ လက်ဝတ်ရတနာများ၊ ကျောက်မျက်များ၊ ကြိမ်ထည်များ၊ ပရိဘောဂများ၊ သစ်သားပန်းပုရုပ်တုများ၊ ယွန်းထည်ပစ္စည်းများ ၊ မြန်မာ့ရိုးရာသနပ်ခါးများ၊ မြန်မာ့စားသောက်ကုန်များကို ခင်းကျင်းပြသရာ ပြပွဲလာပရိသတ်များက စိတ်ဝင်စားစွာ ကြည့်ရှုလေ့လာ ဝယ်ယူကြသည်။

ပြပွဲကို STP ကုမ္ပဏီကကြီးမှူးပြီး ကုမ္ပဏီပေါင်း ၄၀ ကျော်က ပြခန်းပေါင်း ၆၀ ကျော်ဖြင့်ပါဝင်ပြသကြသည်။ ပြပွဲကို ဩဂုတ် ၉ ရက်နှင့် ၁၀ ရက်တို့တွင် နံနက် ၁၀ နာရီမှ ညနေ ၆ နာရီခွဲအထိ ပြသခဲ့ပြီး ဩဂုတ် ၁၁ ရက်တွင် စီးပွားရေးလုပ်ငန်းရှင်များ တွေ့ဆုံဆွေးနွေးပွဲကို ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

မျိုးမင်းသူရ



# စစ်ကိုင်းပညာရေးတက္ကသိုလ်တွင် အဆို၊ အကပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနား ကျင်းပ



**စစ်ကိုင်း ဩဂုတ် ၁၀**

စစ်ကိုင်းပညာရေးတက္ကသိုလ်၌ ၂၀၂၄-၂၀၂၅၊ ၂၀၂၅ -၂၀၂၆ ပညာသင်နှစ် အဆို၊ အကပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက အဆိုပါ တက္ကသိုလ်ရှိ မိုးလုံ လေလုံအားကစားခန်းမတွင် ကျင်းပရာ ပါမောက္ခချုပ် ဒေါက်တာ အေးသက်သက်ဝင်း၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခ ဌာနမှူးများ၊ ပြိုင်ပွဲဝင်များနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် စစ်ကိုင်းပညာရေးတက္ကသိုလ် ပါမောက္ခချုပ်က အဖွင့်အမှာစကားပြောကြားပြီး အဆို၊ အကပြိုင်ပွဲ ဖြစ်မြောက်ရေးကော်မတီ ဥက္ကဋ္ဌများက ပြိုင်ပွဲကျင်းပမှုအခြေအနေများအား ရှင်းလင်းပြောကြားသည်။

ထို့နောက် အမျိုးသား၊ အမျိုးသမီး အခြေခံကဗျာလွတ်အကပြိုင်ပွဲ၊ အမျိုးသား၊ အမျိုးသမီး မြန်မာသံစဉ်နှင့် ခေတ်ပေါ်စတူရီယိုတေးသီချင်းဆိုပြိုင်ပွဲများကို ကျင်းပခဲ့သည်။

ဆက်လက်ပြီး ဆုချီးမြှင့်ပွဲအခမ်းအနားကို ကျင်းပရာ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များနှင့် ပါမောက္ခ ဌာနမှူးများက ပြိုင်ပွဲများအလိုက် ပထမ၊ ဒုတိယ၊ တတိယဆု ရရှိကြသူများအား ဆုများအသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။ **(အပေါ်ဝဲပုံ)**

**နေလင်းအောင်(ပြန်/ဆက်)**



# လူထုလှုပ်ရှားမှုအသွင်ဖြင့် စိုက်ပျိုးပြီးသစ်ပင်များအား ပေါင်းရှင်း မြေဩဇာကျွေးပွဲ ကျင်းပ

**အောင်လံ ဩဂုတ် ၁၀**

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ အောင်လံမြို့၌ လူထုလှုပ်ရှားမှုအသွင်ဖြင့် ပေါင်းရှင်းမြေဩဇာကျွေးပွဲကို ဩဂုတ် ၉ ရက် နံနက် ၉ နာရီက အောင်လံမြို့၊ ရွှေတင့်ဝမ်း(မွေးမြူရေးဇုန်)၌ ကျင်းပခဲ့သည်။

အဆိုပါ ပေါင်းရှင်းမြေဩဇာကျွေးပွဲတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးလှရွှေနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ ခရိုင်သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးထွန်းညွန့်တင်နှင့် အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများ တက်ရောက်၍ မွေးမြူရေးဇုန်အတွင်း စိုက်ပျိုးထားရှိသည့် ကျွန်း၊ ယင်းမာ၊ တမာပင်၊ ပိတောက် စသည့် ပျိုးပင် ၄၃၂ ပင်ကို ဆက်လက်ရှင်သန်ကြီးထွားစေရန် ရည်ရွယ်၍ သေဆုံးပြီးအပင်များနေရာတွင် အပင်အသစ်များ အစားထိုးစိုက်ပျိုးခြင်း၊ ပေါင်းရှင်းခြင်း၊ မြေဩဇာထည့်ခြင်းလုပ်ငန်းများကို တပျော်တပါး စုပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **(အပေါ်ပုံ)**

**အာကာ(ပြန်/ဆက်)**

# မန္တလေးခရိုင် ပြည်သူ့စာကြည့်တိုက်တွင် စာပေချစ်မြတ်နိုးသူ book club အဖွဲ့ဝင်များနှင့် စာဖတ်ဝိုင်းပြုလုပ်



**မန္တလေး ဩဂုတ် ၁၀**

မန္တလေးတိုင်းဒေသကြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မန္တလေးခရိုင် ပြည်သူ့စာကြည့်တိုက်တွင် စာပေချစ်မြတ်နိုးသူ book club အဖွဲ့ဝင်များနှင့် ယနေ့မွန်းလွဲ ၂ နာရီက စာဖတ်ဝိုင်းပြုလုပ်ခဲ့သည်။

ရှေးဦးစွာ စာဖတ်ဝိုင်းတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မန္တလေးခရိုင် လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မြင့်မြင့်သန်းက စာဖတ်ဝိုင်းပြုလုပ်ရခြင်း ရည်ရွယ်ချက်အား ရှင်းလင်းပြောကြားကာ စာရေးဆရာ ဒေါက်တာ တင်ထွန်းဦး ရေးသားထားသော "ဖိစီးမှုရှင်း သောကကင်း"စာအုပ်မှ အကြောင်းအရာများအနက် "ဖိစီးမှုဖြစ်စေသောအခြေအနေများ"အကြောင်းအရာပါဝင်သော ခေါင်းစဉ်ဖြင့်လည်းကောင်း ဦးဆောင်ဆွေးနွေးဖတ်ကြားခဲ့ပြီး ဦးစီးအရာရှိ ဒေါ်ခင်စောလွင်က "ဖိစီးမှုကြောင့်ဖြစ်သော ရောဂါဝေဒနာများ"အကြောင်းအရာပါဝင်သော ခေါင်းစဉ်ဖြင့်လည်းကောင်း၊ Book Club အဖွဲ့ဝင် ဒေါ်သန္တာအောင်က "ဖိစီးမှုများကို ကြိုတင်ကာကွယ်ပါ" အကြောင်းအရာများပါဝင်သော ခေါင်းစဉ်ဖြင့်လည်းကောင်း၊ Book Club အဖွဲ့ဝင် ဒေါ်ငြိမ့်ဖြိုးဝေက "ဖိစီးမှုများကို ရင်ဆိုင်ကျော်လွှားပါ"အကြောင်းအရာပါဝင်သော ခေါင်းစဉ်ဖြင့်လည်းကောင်း ဖတ်ကြားဆွေးနွေးခဲ့ရာ ယင်းစာဖတ်ဝိုင်း တက်ရောက်လာသူ book club အဖွဲ့များကလည်း အသီးသီးအပြန်အလှန် မေးမြန်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**(အပေါ်ပုံ)**

**စင်မင်းမောင်**

# ပွင့်ဖြူမြို့နယ်တွင် မိုးကြိုပဲတီစိမ်း ၆၂၃၉ ဧက ရိတ်သိမ်းပြီးစီး သီးနှံအထွက်နှုန်းများ ကောင်းမွန်

**ပွင့်ဖြူ ဩဂုတ် ၁၀**

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ ပွင့်ဖြူမြို့နယ်တွင် ယခုနှစ်မိုးကြိုကာလ၌ စိုက်ပျိုးထားသော မိုးကြိုပဲတီစိမ်း ၆၂၃၉ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး အထွက်နှုန်းများ ကောင်းမွန်ခဲ့သဖြင့် ဝင်ငွေတိုးပွားကာ လုပ်ငန်းအဆင်ပြေလျက်ရှိကြောင်း ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

အဆိုပါ စိုက်ပျိုးထားသော ပဲတီစိမ်းစိုက်ခင်းများကို ယခုနှစ် ဇူလိုင်လ ပထမပတ်မှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ၆၂၃၉ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၁၉ ဒသမ ၄၀ တင်း ထွက်ရှိကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပွင့်ဖြူမြို့နယ်မှာ မိုးကြိုပဲတီစိမ်း ၆၃၉၁ ဧက စိုက်ပျိုးထားပါတယ်။ အဲ့ဒီ စိုက်ပျိုးထားတဲ့ ပဲတီစိမ်းစိုက်ခင်းတွေကို ဇူလိုင်လ ပထမပတ်ကစပြီး ရိတ်သိမ်းခဲ့ရာ ဒီနေ့မှာ ၆၂၃၉ ဧက ရိတ်သိမ်းပြီးစီးပြီ ဖြစ်ပါတယ်။ ပဲတီစိမ်း စိုက်ပျိုးမှုနဲ့ ပတ်သက်ပြီး တိုးချဲ့စိုက်ပျိုးကြဖို့၊ ဒေသနဲ့ ကိုက်ညီတဲ့ အထွက်နှုန်းကောင်း မျိုးတွေကို စိုက်ပျိုးကြဖို့နဲ့ ပိုးမွှားရောဂါ ကာကွယ်နှိမ်နင်းကြဖို့ ပညာပေးတာတွေ ဆောင်ရွက်ပေးပါတယ်။ ယခုနှစ်မှာ ပဲတီစိမ်းစိုက်ခင်းတွေ ပိုးမွှားကျရောက်မှု မရှိတာကြောင့် အထွက်နှုန်းများ ကောင်းမွန်ပြီး တောင်သူတွေ သီးနှံဝင်ငွေ အကျိုးအမြတ် ရရှိကြပါတယ်"ဟု ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြသည်။



ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ပဲတီစိမ်းစိုက်ပျိုးတောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက အထွက်နှုန်းကောင်းမွန်သော မျိုးကောင်းမျိုးသန့်များရရှိရေး၊ စိုက်နည်းစနစ်များ မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှု ကင်းရှင်းရေး၊ မြေဩဇာနှင့် စိုက်ပျိုးရေးသွင်းအားစုများ စနစ်တကျသုံးစွဲရေး၊ သီးနှံအချိန်မီ ရိတ်သိမ်းနိုင်ရေးနှင့် ရိတ်သိမ်းပြီးသီးနှံများ စနစ်တကျသိုလှောင်သိမ်းဆည်းရေးစသည့် စိုက်ပျိုးရေးအသိပညာပေးလုပ်ငန်းများကို ကူညီဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည်။

ပဲတီစိမ်းကို အထွက်နှုန်း တိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုကို ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ မြင့်မားလာမည်ဖြစ်သောကြောင့် ပဲတီစိမ်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းဆောင်ရွက်သင့်ကြောင်း ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြ၍ သိရသည်။

**(အပေါ်ဝဲပုံ)**

**ရဲဝင်းနိုင်(ညောင်ဦး)**

၀-၀-၀-၀-၀

| နိုင်ငံတကာကလပ်အသင်းများ၏ ခြေစမ်းပွဲများ အနိုင်၊ အရှုံး (NGB) | | | | |
|---|---|---|---|---|
| ချဲလ်ဆီး | ၄ | - | ၁ | အေစီမီလန် |
| ဒေါ့မွန် | ၁ | - | ၂ | ဂျူဗင်တပ် |
| ဆန်းဒါးလန်း | ၀ | - | ၃ | ဗယ်လက်ကာနို |

| အင်္ဂလိပ်ချန်ပီယံရှစ် ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၁)အနိုင်၊ အရှုံး (NGB) | | | | |
|---|---|---|---|---|
| လက်စတာ | ၂ | - | ၁ | ရှက်ဖီးလ် Wed |

# ကျွန်းလှမြို့၌ ၂၀၂၅ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ကြသူများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲ ကျင်းပ



**ကျွန်းလှ ဩဂုတ် ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကျွန်းလှမြို့နယ်၌ ၂၀၂၅ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ကြသူများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲကို ယနေ့နံနက် ၉ နာရီက ကျွန်းလှမြို့ "ဟိန်း" ကိုယ်ပိုင်အထက်တန်းကျောင်း၌ ကျင်းပရာ အခမ်းအနားကို ကျောင်းသား၊ ကျောင်းသူများက "လှမ်းလာခဲ့ပါ ဟိန်းကျောင်းတော်သာ" သီချင်းဖြင့်သီဆို ဖွင့်လှစ်သည်။

ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင် (၁) ဗိုလ်မှူးဖြိုးသန့်ဇင်ထွန်း၊ ခရိုင်ပညာရေးမှူး တာဝန်ခံ ဒေါ်နွယ်နီဝင်းနိုင်နှင့် မြို့နယ်ပညာရေးမှူး ဦးမြင့်လွင်တို့က အမှာစကား ပြောကြားပြီး ကျောင်းအုပ်ဆရာကြီး ဦးဝင်းသောင်က တက္ကသိုလ်ဝင်စာမေးပွဲအောင်ချက်နှင့် ကျောင်းဆိုင်ရာများ ရှင်းလင်းပြောကြားသည်။

ယင်းနောက် ဝိဇ္ဇာဘာသာတွဲတွင် နိုင်ငံတော်အဆင့်ရရှိသူ တစ်ဦး၊ ဝိဇ္ဇာဘာသာတွဲတွင် တိုင်းဒေသကြီးအဆင့်ရရှိသူ နှစ်ဦး၊ လေးဘာသာဂုဏ်ထူးရှင် နှစ်ဦး၊ သုံးဘာသာ ဂုဏ်ထူးရှင် နှစ်ဦး၊ နှစ်ဘာသာ ဂုဏ်ထူးရှင် ၅ ဦး၊ တစ်ဘာသာ ဂုဏ်ထူးရှင် ၈ ဦးနှင့် နိုင်ငံတော်အဆင့် လူရည်ချွန်ရွေးချယ်ခံရသူ နှစ်ဦးတို့အား တာဝန်ရှိသူများက ဂုဏ်ပြုတံဆိပ်နှင့် ဂုဏ်ပြုဆုငွေများ ချီးမြှင့်ပေးကြသည်။

ထို့နောက် ဆုရကျောင်းသား၊ ကျောင်းသူများကိုယ်စား လေးဘာသာဂုဏ်ထူးရှင် မောင်ဟိန်းမင်းထွဋ်က ကျေးဇူးတင်စကားပြောကြားပြီး ကျောင်းသား၊ ကျောင်းသူများက ဖျော်ဖြေရေးအစီအစဉ်များဖြင့် သီဆိုကပြကြကြောင်း သိရသည်။

**မျိုးဝင်းညို ကျွန်းလှ**

၀-၀-၀-၀-၀



# စာဖတ်ရှိန်မြှင့်တင်ရေး စာဖတ်စွမ်းရည်ပြိုင်ပွဲ ကျင်းပ

**မြို့သစ် ဩဂုတ် ၁၀**

မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့နယ်တွင် ကျောင်းသား၊ ကျောင်းသူများ စာပေဖတ်ရှုသည့် အလေ့အကျင့်ကောင်းများ ရရှိစေရန်အတွက် စာဖတ်ရှိန်မြှင့်တင်ရေး စာဖတ်စွမ်းရည်ပြိုင်ပွဲကို ဩဂုတ်လ ၇ ရက် မွန်းလွဲပိုင်းက မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (CommunityCentre) ခန်းမ၌ ကျင်းပပြုလုပ်ခဲ့သည်။

အဆိုပါ စာဖတ်စွမ်းရည်ပြိုင်ပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မြို့နယ်ဦးစီးအရာရှိ ဒေါ်ဝင်းအိစွန်က ပြိုင်ပွဲကျင်းပရခြင်းရည်ရွယ်ချက်ကို ပြောကြား၍ မြို့နယ်စာအုပ်စာစောင်ချစ်မြတ်နိုးသူအသင်း (Book Club)အဖွဲ့ဝင် ဆရာဦးတင်မောင်ဝင်းက ပြိုင်ပွဲစည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် စာဖတ်စွမ်းရည်ပြိုင်ပွဲကျင်းပရာ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းမှ Grade-4 ကျောင်းသားကျောင်းသူ (၂၃)ဦးက ရွှေသွေးဂျာနယ်၊ မိုးသောက်ပန်းဂျာနယ်၊ တေဇရုပ်စုံနှင့် ရုပ်ပြစာအုပ်စာစောင်များကို မဲနှိုက်၍ အလှည့်ကျဖတ်ရှုခဲ့ပြီး ပထမဆု၊ ဒုတိယဆု၊ တတိယဆုနှင့် နှစ်သိမ့်ဆုရရှိသည့် ကျောင်းသား၊ ကျောင်းသူများအား မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းတို့က ဆုများအသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ဝင်းအိစွန်(ပြန်/ဆက်)**

၀-၀-၀-၀-၀

# စာဖတ်ရှိန်မြှင့်တင်ရေး စာအုပ်စာစောင် ပြပွဲ ကျင်းပ



**ပင်လုံ ဩဂုတ် ၁၀**

ရှမ်းပြည်နယ်တောင်ပိုင်း၊ လွိုင်လင်ခရိုင်၊ ပင်လုံမြို့ရှိ လူထုအခြေပြုဗဟိုလ်ဌာန (Community Centre)ခန်းမ၌ ယမန်နေ့နံနက် ၉ နာရီက စာဖတ်မြှင့်တင်ရေး စာအုပ်စာစောင်ပြပွဲ ကျင်းပပြုလုပ်ခဲ့သည်။

စာအုပ်စာစောင်ပြပွဲတွင် ကျောင်းသား၊ ကျောင်းသူများ မိမိကြိုက်နှစ်သက်သည့် စာအုပ်များ ဖတ်ရှုလေ့လာနိုင်ရန်အတွက် သုတ၊ ရသစာပေများ၊ ပုံပြင်စာအုပ်များ၊ ကဗျာစာအုပ်များ၊ မဂ္ဂဇင်းစာအုပ်များ၊ ရုပ်ပြစာအုပ်များ၊ ဝတ္ထုစာအုပ်များအား ခင်းကျင်းပြသထားကြောင်း သိရသည်။ ထို့သို့ဆောင်ရွက်ပေးခြင်းဖြင့် ကျောင်းသား၊ ကျောင်းသူလေးများ ငယ်စဉ်ကတည်းက စာပေဖတ်ရှုလေ့လာခြင်းကို ဝါသနာပါလာစေရန်၊ စာပေဗဟုသုတကြွယ်ဝလာစေရေးအတွက် စာမျိုးစုံလင်စွာများများဖတ်ရှုလေ့လာစေရန်၊ ဦးနှောက်ဖွံ့ဖြိုးတိုးတက်စေရန်၊ လိမ္မာယဉ်ကျေးစေရန်၊ အသိပညာအတတ်ပညာ တိုးပွား၍ အတွေးအခေါ် ရင့်ကျက်နိုင်စေရန် ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ စာဖတ်ရှိန်မြှင့်တင်ရေး စာအုပ်စာစောင်ပြပွဲသို့ ကျောင်းသား၊ ကျောင်းသူ(၂၅)ခန့် တက်ရောက်ခဲ့ကြပြီး မိမိကြိုက်နှစ်သက်သည့် စာအုပ်များကို ငှားရမ်းဖတ်ရှုခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**


- မန္တလေးမြို့တော် သန့်ရှင်းရမည်။
- မန္တလေးမြို့တော် သာယာလှပရမည်။
- မြို့တော်နေလူထု စိတ်ချမ်းသာရမည်။


# အစိုးရစက်မှုလက်မှုကျောင်း၌ အခြေခံစားသောက်ကုန်များအား ရွှေ့လျားစနစ်ဖြင့် ဈေးနှုန်းချိုသာစွာ ရောင်းချပေး

**ကျောက်ဆည် ဩဂုတ် ၁၀**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် စားသုံးသူရေးရာဦးစီးဌာနတို့ ပူးပေါင်း၍ ယနေ့နံနက်ပိုင်းက အစိုးရစက်မှုလက်မှုကျောင်း၌ ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများအား ရွှေ့လျားစနစ်ဖြင့် အခြေခံစားသောက်ကုန် ပစ္စည်းများဖြစ်သည့် အသား၊ ငါး၊ ဆီ၊ ဟင်းသီး၊ ဟင်းရွက်များကို ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးခဲ့ကြောင်း သိရသည်။



အခြေခံစားသောက်ကုန်များ ရောင်းချရာ၌ လက်ရှိပေါက်ဈေးအပေါ်(၂၀)ရာခိုင်နှုန်းလျှော့ချ၍ ဝက်သား (၂၀)ပိဿာ၊ အမဲသား (၂၅)ပိဿာ၊ ဆိတ်သား(၁၅)ပိဿာ၊ စားအုန်းဆီ(၁၁၀)ပိဿာ အပြင် ဟင်းသီး၊ ဟင်းရွက်များပါ ရောင်းချပေးခဲ့ကြောင်းနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အနေဖြင့် အပတ်စဉ် တနင်္ဂနွေနေ့တိုင်း ရွှေ့လျားစနစ်ဖြင့်ပြည်သူ့သက်သာဈေးဖွင့်ပြီး အခြေခံစားသောက်ကုန်များကို ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများစားဝတ်နေရေး အထောက်အကူဖြစ်စေရေး ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

**သက်မောင်(ကျောက်ဆည်)**

၀-၀-၀-၀-၀

၀-၀-၀

# မဟာအောင်မြေမြို့နယ်၌ လျှော်ဘေးသင့်နှင့် မီးဘေးသင့် အိမ်ထောင်စုများအား ပစ္စည်း(၁၆)မျိုး ထောက်ပံ့ပေးအပ်



**မန္တလေး ဩဂုတ် ၁၀**

မန္တလေး၊ မဟာအောင်မြေမြို့နယ် သံလျက်မော်အနောက်ရပ်ကွက်၌ ယနေ့ နံနက်ပိုင်းက လျှော်ဘေးသင့်နှင့် မီးဘေးသင့်(လုံးဝ)ပျက်စီး အိမ်ထောင်စု (၇၂၅)စုအား ပစ္စည်း၊ (၁၆)မျိုး ထောက်ပံ့ပေးအပ်ခဲ့သည်။

အဆိုပါထောက်ပံ့မှုကို ဘေးအန္တရာယ်စီမံခန့်ခွဲမှုဦးစီးဌာနမှ မဟာအောင်မြေမြို့နယ်သံလျက်မော်အနောက်ရပ်ကွက်ရှိ မန္တလေးမြေ လျှော်လှုပ်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးခဲ့သော လျှော်ဘေးသင့်နှင့် မီးဘေးသင့်လုံးဝပျက်စီးအိမ်ထောင်စု(၇၂၅)စုအား ပစ္စည်း(၁၆)မျိုးကို သံလျက်မော်အနောက်ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ထပ်ဆင့်တာဝန်ယူ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**အောင်စော်မင်း**

# ကျောက်ပန်းခက်သရဖူခေါင်းမှာဆောင်းလို့ မယ်တော်ကြီးပွဲနွဲစို့ကွယ်

**အမရပူရမြို့၏ အထင်ကရပွဲတော်တစ်ခုကို ပြပါဆိုလျှင် ရတနာ့ဂူပွဲကို ပြရမည်ဖြစ်၏။ ရတနာ့ဂူပွဲသည် တောင်ပြုန်းပွဲတော်ကြီးအပြီး ပွဲတော်ကို ဝါခေါင်လပြည့်ကျော် ၈ ရက်မှ လကွယ်နေ့အထိ နှစ်စဉ်ကျင်းပသော မန္တလေး ဝန်းကျင်၏ အထင်ကရပွဲတော်တစ်ခုလည်း ဖြစ်သည်။ ရတနာ့ဂူပွဲဟုဆိုရာတွင် ဘုရားပွဲလား၊ နတ်ပွဲလား မကွဲပြားကြသူ အများအပြားရှိသည်။**

**ရတနာ့ဂူဘုရားသမိုင်းအကျဉ်း**

ရတနာ့ဂူဘုရားကို အင်းဝနန်းစံမင်းကြီးစွာစော်ကဲ သက္ကရာဇ်(၇၂၆-၇၆၂)လက်ထက်တွင် တည်ထားခဲ့သည်။ မင်းကြီးစွာစော်ကဲသည် ယောက်ဖဖြစ်သူသတိုးမင်းဖျား၏ အင်းဝထီးနန်း စည်းစိမ်ရရှိပြီးနောက် သက္ကရာဇ် (၇၄၅)ခုနှစ်တွင် အင်းဝမြို့ အနောက်တောင်ထောင့် မြို့ထိပ်တွင် စည်းခုံစေတီတော်ကြီးတည်ထားခဲ့၏။ ထိုစေတီကြီးပြီးမြောက်သောအခါ အင်းဝတစ်မြို့လုံး ထိတ်ထိတ်လန့်လန့် ဖြစ်ပေါ်ခဲ့သည်ဟု ဆိုသည်။ ထိုအခါ မင်းဆရာတော် ရခိုင်ဘုန်းကြီး ကြွချီလာပြီး တစ်မြို့လုံးထိတ်လန့်မှု ကင်းဝေးစေရန် အရှေ့အရပ်တွင် ကုက္ကိုပင်၊ သရပါတံခါးမော်ကွန်းတို့နှင့်အတူ အမရပူရမြို့၊ ငယ်တိုးကျေးရွာတွင် ရတနာ့ဂူဘုရားကို တည်ထားစေခဲ့၏။ ထိုအချိန်မှစ၍ တစ်မြို့လုံး အထိတ်တလန့်ရှိမှုမှ ပြေလျော့ခဲ့သည်။ ထိုရတနာ့ဂူဘုရားကြီးသည် မင်းကြီးစွာစော်ကဲနှင့် အင်းဝမြို့သူ၊ မြို့သားများ၏ ကြိုဟ်ပြေနံ့ပြေဘုရားဖြစ်ခြင်းကြောင့် ရတနာ့ဂူဘုရားကို ဖူးမြော်ဆုတောင်းလျှင် စိုးရိမ်ထိတ်လန့်မှု၊ ကြောင့်ကြပူပန်မှု၊ ပူဆွေးဝမ်းနည်းမှု၊ အဆင်မပြေမှုများ ပြေပျောက်စေနိုင်သောကြောင့် တန်ခိုးကြီးဘုရားတစ်ဆူ ဖြစ်ခဲ့သည်။

**ရတနာ့ဂူနတ်ပွဲ သမိုင်းအကျဉ်း**

ရတနာ့ဂူနတ်ပွဲသည် ရွှေဖျဉ်းညီနောင် နှစ်ပါး၏ တောင်ပြုန်းပွဲအပြီး ကျင်းပသော ပွဲတော်တစ်ခုဖြစ်သည်။ ရတနာ့ဂူဘုရားပွဲတော်နှင့်အတူ ကျင်းပသော မယ်တော်ပန်းစားဘီလူးမ ပုပ္ပားသူမယ်ဝဏ္ဏပွဲ(ပုပ္ပားမယ်တော်နတ်ပွဲ)လည်း ဖြစ်၏။ အနော်ရထာမင်းလက်ထက် သက္ကရာဇ် (၄၀၆-၄၃၉)အတွင်း တရုတ်ပြည်သို့ စွယ်တော် သွားရောက်ပင့်ဆောင်၍ အပြန်ခရီးတွင် တောင်ပြုန်းအရပ်၌ သားတော်ရွှေဖျဉ်းကြီး၊ ရွှေဖျဉ်းငယ်တို့ မင်းပြစ်မင်းဒဏ်သင့်၍ အသတ်ခံရ၏။ မယ်တော်မယ်ဝဏ္ဏမှာ သားတော်များကို ကြိုဆိုရန်လိုက်အလာ သေခြင်းတရားကင်းသောမြို့ဟု အမည်တွင်သော အမရပူရမြို့တည်နေရာအရောက် သားတော်နှစ်ပါး၏ သတင်းစကား ကြားရချိန်နလုံးသားတွင် မချိအောင်ခံစားရပြီး ရင်ကွဲနာကျ သေဆုံးလေသည်။ သေဆုံးသူ မယ်ဝဏ္ဏမှာ ရတနာ့ဂူဘုရားတည်ရာအရပ်တွင် နတ်ဖြစ်ခဲ့သည်ဟု ဆိုသည်။

သက္ကရာဇ်(၁၂၈၅)ခုနှစ် ဘကြီးတော်မင်းလက်ထက်တွင် အမရပူရမြို့ မီးကြီးလောင်ရာ ပြည်သူများ စိတ်နှလုံး မသာယာသောကြောင့် သောကပြေပျောက်စေရန် နန်းမတော်မယ်နုနှင့် မောင်တော်စလင်းမြို့စား မောင်အိုတို့မှ ရွှေဖျဉ်းညီနောင်တို့၏ တောင်ပြုန်းပွဲပြီးချိန်တွင် ပုပ္ပားမယ်တော်ကြီးပွဲအဖြစ် ပုပ္ပားသူမယ်ဝဏ္ဏကို အမရပူရမြို့ 'မြင်းတိုင်အရပ်'တွင် နတ်နန်းဆောက်လုပ်ပေးကာ ရတနာ့ဂူဘုရားပွဲနှင့်အတူ ပူးတွဲ၍ နတ်ပွဲကိုပါ ကျင်းပစေခဲ့၏။ ထိုအချိန်မှစတင်ကာ 'ရတနာ့ဂူနတ်ပွဲ'ဟု ပေါ်ပေါက်လာခဲ့သည်။ သက္ကရာဇ် ၁၂၇၁ ခုနှစ် ဝါခေါင်လတွင် ဧရာဝတီမြစ်ရေ အဆမတန်တိုးလာမှုကြောင့် မြင်းတိုင်ရပ်အပါအဝင် အမရပူရမြို့နယ်အချို့ ရေဖုံးလွှမ်းခဲ့ရာ မယ်တော်နတ်နန်းကို ရေလွတ်ရာ 'ဆင်တိုင်အရပ်' အောင်ချမ်းသာဘုရားအနီးသို့ ရွှေ့ပြောင်းကျင်းပခဲ့ရသည်။ နောင်တွင် မူလနန်းနေရာဖြစ်သော မြင်းတိုင်အရပ်နှင့် ပြောင်းရွှေ့ခဲ့သော ဆင်တိုင်အရပ်များရှိ နန်းများတွင် စင်ပြိုင်နတ်ပွဲပြုလုပ်ကြသဖြင့် ရတနာ့ဂူပွဲတော်တွင် နတ်နန်းနှစ်ခု အပြိုင်ပေါ်ပေါက်လာခဲ့၏။ အောက်နန်းနှင့် အထက်နန်းဟု ခေါ်ကြသည်။



၁၉၆၅ ခုနှစ်တွင် 'ဦးယာမ'မှ အိပ်မက်အရ ရတနာ့ဂူဘုရားကို ပြုပြင်မွမ်းမံပြီး ရတနာ့ဂူဘုရားဂေါပကများ၏ ကြီးကြပ်မှုနှင့်အတူ ရတနာ့ဂူနတ်နန်းအသစ် ပေါ်လာခဲ့ပြန်သည်။ ထိုအချိန်မှစ၍ 'အထက်နန်း'၊ 'အလယ်နန်း'၊ 'အောက်နန်း' ဟူ၍ နန်းသုံးနန်းပေါ်ပေါက်ခဲ့ပြီး ယနေ့တိုင် ရတနာ့ဂူဘုရားပွဲနှင့် မယ်ဝဏ္ဏ၏နတ်ပွဲကို တွဲဖက်ကျင်းပကြ၏။ ရတနာ့ဂူဘုရားကို ဦးစွာဖူးမြော်ဆုတောင်းပြီး မယ်တော်ကြီး၏ နတ်နန်းတွင် ဆုတောင်းအဓိဋ္ဌာန်ပြုလျှင် ပေါက်မြောက်အောင်မြင်သည်ဟု ဆိုကြသည်။

**ရတနာ့ဂူနတ်ပွဲ**

ရတနာ့ဂူဘုရားပွဲတော်နှင့် မယ်တော်ကြီးနတ်ပွဲကို ဝါခေါင်လပြည့်ကျော် ၈ ရက်မှ ဝါခေါင်လကွယ်အထိ ကျင်းပလေ့ရှိရာ မန္တလေး၊ အမရပူရ၊ တံတားဦး၊ စစ်ကိုင်း၊ မုံရွာ၊ ရွှေဘို၊ မတ္တရာဒေသများမှ ပွဲတော်လာသူများဖြင့် အလွန်စည်ကားသည်။

**နွားလှည်းတွေစီးကာသွားပါလို့**

ရှေးက မန္တလေးမှ နွားလှည်းများဖြင့် မြို့လုံးကျွတ်နီးပါး လာရောက်လေ့ရှိသည်။ တောင်သမန်အင်းစောင်း၊ မယ်ဇယ်ပင်တန်းတွင် လှည်းဝိုင်းကြီးများ စခန်းချရပ်နားကြပြီး ချက်ပြုတ်စားသောက်ကာ တောင်သမန်အင်း ငယ်တိုးချောင်းမှတစ်ဆင့် ငှက်သမ္ဗန်များနှင့် နတ်နန်းများဆီသို့ တပျော်တပါး သွားရောက်နတ်ပန်းဆက်လေ့ရှိ၏။ နောက်ပိုင်း တွင် အမှတ်(၈)ကား၊ စစ်ကိုင်း-မန္တလေးကား များအပြင် မော်တော်ဆိုင်ကယ်၊ စက်ဘီးများဖြင့် လာရောက်ကြသည်။ နတ်နန်းများတွင် နေ့ညမပြတ် နတ်ပန်းဆက်သူများ၊ နတ်သီချင်းသံ၊ နတ်ဒိုးသံများနှင့် ဝေစည်လျက်ရှိသည်။

**ငှက်လှေအပျော်စီးကာသွား**

ဝါခေါင်လပြည့်ကျော် ၁၀ ရက် 'နတ်ဖောင်လှည့်သည့်နေ့'တွင် အထက်နန်းနှင့်အောက်နန်းကြားပန်းပဲချောင်းတွင် ငှက်လှေများနှင့် 'ချိုးရေတော်သုံးပွဲ' (နတ်ရေချိုး)နေ့သည် အစည်ကားဆုံးဖြစ်သည်။ အများအားဖြင့် ရတနာ့ဂူနတ်ပွဲလာသူများမှာ ရတနာ့ဂူဘုရားလမ်းရှိ ပွဲဈေးတန်း တစ်လျှောက်ခြေကျင်လျှောက်သွားကြပြီး နတ်ပန်းဆက်ကြ၊ အဓိဋ္ဌာန်ပြုကြ၏။ အပြန်တွင် ချောင်းရိုးအတိုင်း ငှက်လှေစီးကြသည်။ ငှက်လှေတစ်စီးနှင့် တစ်စီး အရှောင်အကွေ့တွင် တွေ့ဆုံလျှင် စကြ၊ နောက်ကြ၊ ရေပက်ကစားကြသည်မှာ အလွန်ပျော်စရာကောင်းသည်။ သို့သော်ရိုင်းစိုင်းမှု မရှိကြချေ၊ အမျိုးသမီးငယ်များမှာ ပုပ္ပားသူမယ်ဝဏ္ဏ၏ တောစရိုက်၊ တောအလှ၊ တောခလေ့အတိုင်း ကျောက်ပန်းခက် သရဖူလေးများကိုခေါင်းပေါ်ဆောင်းရင်း ဆင်နွှဲလေ့ရှိသည်မှာ ရတနာ့ဂူနတ်ပွဲ၏ အမှတ်သင်္ကေတ တစ်ခုပင်ဖြစ်သည်။

**ပွဲကြိုက်ခင်တို့အသည်းစွဲ**

ရှေးက ရတနာ့ဂူပွဲမှာ အလွန်ပျော်စရာကောင်းသည်။ ကိုယ်ရံတော်ရပ်တွင် 'မြို့တော်သိန်းအောင်ရုပ်ပွဲ'၊ ဆောင်းဒါးရက်ကန်းကျောင်းတွင် ဘော်လီဘောပြိုင်ပွဲ၊ မြန်မာ့ရိုးရာ လက်ဝှေ့အလံလုပွဲ၊ 'ဦးယာမ' ရုပ်ရှင်ရုံတွင် နေ့ညမပြတ် ရုပ်ရှင်ဇာတ်ကားများ၊ သိမ်ကြီးဘုရားဝင်းတွင် မြန်မာ့ရိုးရာ ခြင်းဝိုင်းခတ်ကစားပွဲ၊ စိန်မြို့လယ်ရုံတွင် 'စိန်မာဒင်ရုံပွဲ'၊ ဒေါ်ခင်ကြီးရုံတွင်၊ 'ရွှေမန်းသဘင်ရုံပွဲ' အောက်နန်းတွင် 'မိုးကြိုးငှက်ငယ်ကလေးများ၏ရုံပွဲ'များ ပါဝင်တင်ဆက်ကြ၏။ ပွဲခင်းများတွင် မီးရောင်စုံများဖြင့် နေ့ညမပြတ် ညံစီနေပြီး ကလေးများအကြိုက်၊ ချား၊ ရဟတ်ကြီးများဖြင့် စည်ကားလှသည်။

**အိမ်အပြန်လက်ဆောင်ဝယ်ကြစို့**

ရတနာ့ဂူပွဲတော်၏အထိမ်းအမှတ်ထဲက တစ်ခုမှာ ဂျပ်စက္ကူနှင့်ပြုလုပ်ထားသော ဗန္ဒုလဦးထုပ်နှင့် ဝါးနှင့်ပြုလုပ်သော ဓားလေးများဖြစ်သည်။ ထို့ အပြင် ရွှံ့စေးဖြင့် ပြုလုပ်ထားသော မြန်မာ့လက်မှုပညာ စစ်စစ် အိုးပုတ်၊ ချိုးရုပ်လေးများ ဖြစ်၏။ ထို မြန်မာမှုဈေးသည်များအပြင် ခေတ်ကာလ ကလေးကစားစရာ ကော်သေနတ်များ၊ အရုပ်များရောင်းသောဆိုင်များမှာ အလွန်ရေပန်းစားသည်။ လူတို့၏ အသုံးအဆောင်များဖြစ်သည့် ကတ်ကြေး၊ ဓား၊ တူ၊ လွှနှင့် တောင်သူသုံးပစ္စည်းများရောင်းချသော သံထည်ဆိုင်များ၊ အောက်ပြည်မှလာသော သင်ဖြူးဖျာ အရောင်းဆိုင်များ၊ ရိုးရာတိုင်းရင်းသားဝတ်စုံ ရောင်းချသည့်ဆိုင်များနှင့် တောင်သူသုံး ဝါးခမောက်များ ရောင်းသောဆိုင်များသည် အလွန်အရောင်းအဝယ် ကောင်းလှသည်။

ပွဲပြန်လက်ဆောင်အဖြစ်ပေးရန် စစ်ကိုင်းမှ လာရောက်ရောင်းချသည့် ကရေကရာ၊ အနုဆုပ်၊ စလူမုန့်၊ ဆီးလုံးမုန့်များ၊ အထက်အညာဒေသထွက် ရှောက်ပန်းသီးများ၊ တောင်ပေါ်ဒေသထွက် မုန့်ခေါင်းအုံး၊ မတ္တရာနယ်မှ လာရောက်ရောင်းချသော မုန့်ခေါ်ပျဉ်ဆိုင်များသည် ပွဲဈေးတန်းတစ်လျှောက် ခင်းကျင်းရောင်းချကြရာ မုန့်အမြည်းစားရင်း အိမ်ပြန်လက်ဆောင် မုန့်ဝယ်ရသည်မှာ အလွန်ပျော်စရာကောင်းလှသည်။

**တမ်းတ သတိရနေမည့်ပွဲတော်**

အမရပူရမြို့၏ အထင်ကရမယ်တော်ပွဲကို ဝါခေါင်လပြည့်ကျော် ၇ရက် ညနေတွင် ကြိုတင် 'နတ်ချော့'၍ ဝါခေါင်လပြည့်ကျော် ၈ရက်တွင် နတ်ညီလာခံများ နန်းတက်ပွဲများနှင့် စတင်ကျင်းပလေ့ရှိပြီး လပြည့်ကျော် ၁၀ရက်တွင် 'ချိုးရေတော်သုံးပွဲ'နှင့်လကွယ်တွင် 'ထိန်ခုတ်ပွဲ'၊ မယ်တော်ပို့ဆောင်ပွဲများကျင်းပလေ့ရှိ၏။ ထို့နောက် ၁၁ရက် နံနက်အရုဏ်တက်ချိန်တွင် သံဃာတော်များကို စာရေးတံမဲနှင့် ဆွမ်းကြီးလောင်းလှူပွဲကို ကျင်းပပြုလုပ်ကာ ရတနာ့ဂူနတ်ပွဲကို ပိတ်သိမ်းလေ့ရှိသည်။

ရတနာ့ဂူပွဲသည် မန္တလေး၊ စစ်ကိုင်းတို့နှင့် နီးသကဲ့သို့အမရပူရမြို့တွင် ကျင်းပမည်ဖြစ်ရာ မြန်မာနိုင်ငံဒေသအသီးသီးမှ လာရောက်ဆင်နွှဲလေ့ရှိကြသောကြောင့် ပွဲတော်ဈေးတန်းကြီးမှာ မန္တလေး-စစ်ကိုင်း ကားလမ်းမကြီးတစ်လျှောက်တွင်လည်းကောင်း၊ ရတနာ့ဂူဘုရားလမ်းတစ်လျှောက်တွင်လည်းကောင်း ရတနာ့ဂူနတ်ပွဲလာသူများနှင့် ပြည့်သိပ်နေလေ့ရှိ၏။ ထိုသို့ လာရောက်ဆင်နွှဲရာ ဘီလူးခေါင်းဆောင်းတွင် ပန်းပေါင်းစုံပန်ဆင်ထားပြီး ဒေါင်းမြီးတောင်များကို ကိုင်ဆောင်၍ ယိမ်းနွဲ့ကနေသော မယ်ဝဏ္ဏ၏ အရိုင်အကအလှများနှင့် နတ်သီချင်းသံများ၊ နတ်ဒိုးသံများနှင့် ဝေစည်နေသော ရတနာ့ဂူနတ်ပွဲကို ရောက်ဖူးသူတိုင်းသည် ပြန်လည်တမ်းတ သတိရနေမိကြမည်မှာ မလွဲပါဟု ဆိုချင်ပါတော့သည်။

ကိုးကား - ရတနာ့ဂူပွဲတော်နှင့် သမိုင်းအကျဉ်း **Mandalay Entertainment**

**ခိုင်ခန့်(အမရပူရ)**

# နိုင်ငံတကာ ရုပ်ရှင်၊ ဂီတ သတင်းများ

## Clarie Danes ၏ Romeo & Juliet ဇာတ်ကားတွင် ကမ္ဘာကြီး၏ အကျည်းတန်မှုနှင့် ချစ်ခြင်းမေတ္တာ၏ လှပမှုကို ပုံဖော်ထား




ဟောလိဝုဒ်မင်းသမီး ကလယ်ရီယာဒန်နစ်နှင့် မင်းသားချော လီယိုနာဒိုဒီကာပရီယိုတို့ ပါဝင်ထားသည့် Romeo & Juliet ရုပ်ရှင်တွင် ကမ္ဘာကြီး၏ အကျည်းတန်မှုနှင့် ချစ်ခြင်းမေတ္တာ၏ လှပမှုကို ပုံဖော်ရိုက်ကူးထားသည်ဟု ဟောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ရှိတ်စပီးယား၏ နာမည်ကြီး ပြဇာတ်တစ်ခုဖြစ်၍ ဇာတ်ကားတစ်ခုလုံးကို ပြဇာတ်ထဲမှအတိုင်း ရုပ်ရှင်အဖြစ် ဖန်တီးထား၍ တစ်မူထူးခြားသည့် ခံစားချက်ကို ပေးစွမ်းထားသည်။

မိသားစုနှစ်စု၏ ရန်ငြိုးကြားမှ ချစ်သူနှစ်ဦး၏ ချစ်ခြင်းမေတ္တာ လှပမှုကို ပုံဖော်ပြသထားရာ ရိုမီယိုနှင့် ဂျူးလီယက်တို့ကို အကြိမ်ကြိမ်ပြန်ရိုက်ထားသည့်ဇာတ်ကားများထဲတွင် ပါဝင်ခဲ့သည်။

ကလယ်ရီယာဒန်နစ်နှင့် လီယိုနာဒိုဒီကာပရီယိုတို့၏ သရုပ်ဆောင်စွမ်းရည်နှင့် ပြဇာတ်ပုံစံဖန်တီးထား၍ ပရိသတ်အားပေးမှုများစွာ ရရှိထားခဲ့သည်။ (SKY)

## UP 10TION အဖွဲ့ဝင် Kuhn က လက်ထပ်မည့်အကြောင်း မျှဝေ



ကေပေါ့ပ်မျိုးဆက်သစ်အဖွဲ့ အပ်တန်းရှင်းအဖွဲ့ဝင် ခွန်က မကြာမီလက်ထပ်မည့်အကြောင်း Osen မှတစ်ဆင့် ပရိသတ်ကို မျှဝေထားကြောင်း ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ခွန်က အားပေးသူများကို ပျော်ရွှင်ပါစေဟု ဆုမွန်ကောင်းတောင်းပေးကြောင်း၊ အိမ်ထောင်ဦးစီးဖြစ်လာလျှင် အလုပ်ကို ပိုလုပ်ရမည်ဟု ခံစားရကြောင်း၊ အနာဂတ်တွင် ပိုမိုကောင်းမွန်သည့်အရာများကို ပြသချင်ကြောင်းနှင့် လက်ထပ်မည့်အကြောင်း ပရိသတ်ကို မျှဝေပေးထားသည်။

လက်ရှိရသစုံအစီအစဉ် Lotte Home Shopping အတွက် အိမ်တွင်းဈေးဝယ်ရှိုးပွဲတွင် ပါဝင်နေပြီး အခွင့်အရေးပေးလျှင် အခြားအစီအစဉ်များတွင်လည်း ပါဝင်သွားမည်ဟု ခွန်က ထပ်ဆင့်ပြောကြားသွားသည်။ (SKY)



## မိုးကြိုးပစ်ခြင်းကို ဖြစ်ပေါ်စေသည့် အစပျိုးပေးသော ဖြစ်စဉ်အဆင့်ဆင့်ကို ပင်ဆယ်လ်ဗေးနီးယား ပြည်နယ်တက္ကသိုလ်မှ သုတေသီများ ဖော်ထုတ်

လေတိုက်နှုန်း၊ လျှပ်စစ်ဓာတ်၊ မိုးတိမ်တိုက်၊ လေထုဖိအားတို့၏ လျှပ်စီးကြောင်းဆိုင်ရာ အချင်းချင်းဆက်နွယ်မှုကို သိပ္ပံပညာရှင်များက ဆယ်စုနှစ်များစွာ နားလည်ထားကြသော်လည်း မိုးကြိုးမုန်တိုင်း တိမ်တိုက်များအတွင်း မည်သို့ စတင်ဖြစ်ပေါ်သည်ဆိုသည့် အချက်မှာမူ ပဟေဠိတစ်ခုအဖြစ် ကျန်ရှိနေခဲ့သည်။

ယခုအခါ အဆိုပါ ပဟေဠိကိုဖြေရှင်းနိုင်ရန် အမေရိကန်ပြည်ထောင်စု ပင်ဆယ်လ်ဗေးနီးယား ပြည်နယ်တက္ကသိုလ်၊ လျှပ်စစ်အင်ဂျင်နီယာနှင့် ကွန်ပျူတာသိပ္ပံကျောင်းမှ လျှပ်စစ်အင်ဂျင်နီယာ ပါမောက္ခ ဗစ်တာပက်စ်ကို ဦးဆောင်သော သုတေသနအဖွဲ့သည် မိုးကြိုးပစ်ခြင်းကို ဖြစ်ပေါ်စေသည့် အစပျိုးပေးသော ဖြစ်စဉ်အဆင့်ဆင့်ကို မကြာသေးမီကဖော်ထုတ်နိုင်ခဲ့သည်။

သုတေသီများက မကြာသေးမီက ထုတ်ဝေသော ဘူမိရူပသုတေသနဂျာနယ်တွင် မိုးကြိုးမုန်တိုင်းတိမ်တိုက်များအတွင်းရှိ ပြင်းအားမြင့် လျှပ်စစ်စက်ကွင်းများက အီလက်ထရွန်များကို မည်ကဲ့သို့ အရှိန်မြှင့်ပေးသည်ကို ရှင်းပြထားသည်။

အဆိုပါ အရှိန်မြင့် အီလက်ထရွန်များသည် နိုက်ထရိုဂျင်နှင့် အောက်ဆီဂျင်ကဲ့သို့သော မော်လီကျူးများနှင့်တိုက်မိပြီး အိတ်ဖ်ရေးထုတ်လုပ်ပေးကာ အီလက်ထရွန်အသစ်များနှင့် စွမ်းအားမြင့် ဖိုတွန်များ လျှင်မြန်စွာ ပေါ်ထွက်လာစေခြင်းဖြစ်ကြောင်း သိရသည်။ (SCI)

## Zhao Li Ying က အကကို ပို၍ စိတ်ဝင်စားလာ

တရုတ်အနုပညာရှင် ကျန့်လီယင်းသည် သရုပ်ဆောင်တစ်ဦးဖြစ်ပြီး အကကို စိတ်ဝင်စား၍ ပိုမိုကျွမ်းကျင်လာကာ ဖက်ရှင်စတိုင်လ်ပါ ပြောင်းလဲလာ၍ ပရိသတ်များ၏ ဝေဖန်မှုကို ခံခဲ့ရသည်။

ကျန့်လီယင်းမှာ ယခင်က မကတတ်သော်လည်း နောက်ပိုင်းအကကို ပိုမိုကျွမ်းကျင်လာကာ သူ၏ဖက်ရှင်စတိုင်လ်သည် ဝမ်ရိဘိုနှင့်တူနေ၍ ပရိသတ်များက ဝေဖန်ထားကြသည်။

အနုပညာစွမ်းရည်ပြည့်ဝသည့် ကျန့်လီယင်း၏ ဇာတ်ကားများ လူကြိုက်များခဲ့ပြီး လက်တွေ့ဘဝတွင် သူ၏ ဖက်ရှင်စတိုင်လ်မှာ ဝမ်ရိဘိုဖက်ရှင်နှင့် ခပ်ဆင်ဆင်တူနေသည်ကို ပရိသတ်များက မနှစ်မြို့ဖြစ်ကြကာ ဝမ်ရိဘိုကို အတုခိုးသည်ဟု ဝေဖန်သံများ ပေါ်ထွက်လာခဲ့သည်။ (SKY)



## Lee Min Ho ၏ (၃၈)နှစ်ပြည့်မွေးနေ့ကိုဂုဏ်ပြုထားကြ

ကိုရီးယားအနုပညာရှင် လီမင်ဟို၏ (၃၈)နှစ်မြောက်မွေးနေ့ကို ပရိသတ်များက ဂုဏ်ပြုစကားပြောပေးထားကြကြောင်း ကိုရီးယားဘိုးဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

လီမင်ဟိုသည် အက်ဖ်ဖိုးချစ်သူ (F4)Boys Over Flowers နှင့် ကျော်ကြားခဲ့ပြီး ပရိသတ်များက သူဌေးသားဟု ထင်ခဲ့ကြသော်လည်း လက်တွေ့ဘဝတွင် မိသားစုအခက်အခဲများနှင့် ရင်ဆိုင်၍ အနုပညာခရီးတွင် အောင်မြင်မှုရရှိရန် ကျော်ဖြတ်ခဲ့ရသူတစ်ဦးဖြစ်ကြောင်း ရသစုံအစီအစဉ်တွင် ရင်ဖွင့်ထားသည်။

လီမင်ဟိုပါဝင်ထားသော ဇာတ်ကားများ အောင်မြင်မှုရရှိ၍ လူကြိုက်များခဲ့ရာ (၃၈)နှစ်မြောက် မွေးနေ့အတွက် ကျန်းမာပျော်ရွှင်စွာ အနုပညာလုပ်ငန်းများ အောင်မြင်ရန် ပရိသတ်များက ဆုတောင်းပေးထားကြသည်။(SKY)







## Jisoo နှင့် Lee Soo Hyuk တို့၏ Boyfriend On Demand ရိုက်ကူးရေးပြီးစီးခဲ့

ဘလက်ပင့်ခ်အဖွဲ့ဝင် ဂျီဆိုနှင့် မော်ဒယ်လ်၊ သရုပ်ဆောင် လီဆိုဟွတ်တို့ကို Boy Friend On Demand ရိုက်ကူးရေးတွင် အတူတွေ့ရပြီး ဇာတ်ကားရိုက်ကူးမှုပြီးစီးခဲ့ပြီဖြစ်ကြောင်း ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ချောမောလှပမှုနှင့် ခံ့ညား၍ စတိုင်လ်ကျသူနှစ်ဦးပါဝင်ထားသည့် အဆိုပါဇာတ်ကားရိုက်ကူးရေးပုံရိပ်များ ထွက်ပေါ်လာ၍ ပရိသတ်စိတ်ဝင်စားခဲ့ကြသည်။

သူတို့နှစ်ဦး၏ သရုပ်ဆောင်မှုနှင့် ပုံဖော်ထားသည့် ဇာတ်ကားကို ပရိသတ်များအတွက် အကြိုက်တွေ့စေမည်ဖြစ်ပြီး ရိုက်ကူးရေးပြီးစီးခဲ့ကာ မကြာမီ ပြသတော့မည် ဖြစ်သည်။ (SKY)

## Selena Gomez နှင့် Benny Blanco တို့၏ ဂီတသစ် I Said I Love You First ထွက်ရှိလာ

ဟောလိဝုဒ်အနုပညာလောကတွင် ဂီတနှင့်ပတ်သက်၍ နာမည်ကျော်ကြားသည့် စလီနာဂိုးလ်မက်ဇ်က ဘန်နီဘလက်ကိုနှင့်တွဲ၍ ဂီတသစ် I Said I Love You First ကို ဖန်တီးထားပြီး ထွက်ရှိလာကြောင်း ဟောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။



အဆိုပါအခွေသစ်ကို တေလာဆွစ်က အားပေးထား၍ စလီနာဂိုးလ်မက်ဇ်က Love You tae ဟု ပြန်လည်ပြောကြားထားကာ သူတို့နှစ်ဦး၏ ရင်းနှီးမှုကို ထုတ်ဖော်ပြသထားကြသည်။

စလီနာဂိုးလ်မက်ဇ်နှင့် ဘန်နီဘလက်ကိုတို့၏ I Said I Love You First မှာ ယခင်လုပ်ဖူးသော အခွေများနှင့် မတူဘဲ ဘန်နီဘလက်ကို၏ အကြံပေးချက်နှင့် စိတ်ကူးကို ပုံဖော်ထားခြင်းဖြစ်ကြောင်း စလီနာဂိုးလ်မက်ဇ်က ပြောကြားထားပြီး အားပေးထားကြသူများကိုလည်း အထူးကျေးဇူးတင်စကား ပြောကြားထားသည်။ (SKY)

# အပြည်ပြည်ဆိုင်ရာအာကာသစခန်းမှ အာကာသယာဉ်မှူး လေးဦး စပေ့စ်အိတ်ခ်စ်ကက်ပ်ဆူးလ်ဖြင့် ဘေးကင်းစွာပြန်လည်ရောက်ရှိ

**ဝါရှင်တန် ဩဂုတ် ၁၀**

အပြည်ပြည်ဆိုင်ရာအာကာသစခန်းတွင် ငါးလနီးပါးတာဝန်ထမ်းဆောင်ခဲ့သော နိုင်ငံတကာမှ အာကာသယာဉ်မှူး လေးဦးသည် စပေ့စ်အိတ်ခ်စ်ကက်ပ်ဆူးလ်ဖြင့် ယမန်နေ့က ကမ္ဘာမြေသို့ ဘေးကင်းစွာ ပြန်လည်ရောက်ရှိလာကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။



အမေရိကန်အာကာသယာဉ်မှူး အန်နီမက်ကလိန်နှင့် နီကိုးလ်အေရာစ်၊ ဂျပန်နိုင်ငံသား တာကူယာအိုနီရှိနှင့် ရုရှားအာကာသယာဉ်မှူး ကီရီလ်ပက်စ်ကော့ဗ်တို့ကို တင်ဆောင်လာသည့် အာကာသယာဉ်သည် ဩဂုတ် ၉ ရက် ဒေသစံတော်ချိန် နံနက် ၈ နာရီ ၄၄ မိနစ်တွင် ကာလီဖိုးနီးယားကမ်းလွန်တွင် ဆင်းသက်ခဲ့သည်။

၎င်းတို့ပြန်လည်ရောက်ရှိခြင်းသည် နာဆာ၏ စီးပွားဖြစ်အာကာသယာဉ်အဖွဲ့ အစီအစဉ်အရ အာကာသစခန်းသို့ ၁၀ ကြိမ်မြောက် အလှည့်ကျတာဝန်ထမ်းဆောင်သည့် အစီအစဉ်၏ အဆုံးသတ်ဖြစ်သည်။

ယင်းအစီအစဉ်ကို ကိုယ်ပိုင်ကုမ္ပဏီများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် အာကာသလွန်းပျံယာဉ်ခေတ်ကို ဆက်ခံရန် ဖန်တီးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **Mon**

# INTERNATIONAL NEWS
# နိုင်ငံတကာသတင်းများ

## အင်္ဂါဂြိုဟ်မှ ရှားပါးဥက္ကာခဲ လေလံတင်ရောင်းချခဲ့ခြင်းကို အမေရိကန်အာကာသသိပ္ပံပညာရှင်များ မကျေမနပ်ဖြစ်နေ

**ဝါရှင်တန် ဩဂုတ် ၁၀**

အနောက်အာဖရိကနိုင်ငံဖြစ်သည့် နိုင်ဂျာတွင် လွန်ခဲ့သော နှစ်နှစ်အကြာက တွေ့ရှိခဲ့သည့် အင်္ဂါဂြိုဟ်မှ ရှားပါးဥက္ကာခဲတစ်ခုသည် ယခင်လက နယူးယောက်မြို့တွင် မည်သူမည်ဝါဟု မဖော်ပြထားသည့် ဝယ်သူတစ်ဦးထံသို့ လေလံတင်ရောင်းချခဲ့ခြင်းနှင့်ပတ်သက်၍ အမေရိကန်အာကာသသိပ္ပံပညာရှင်များ မကျေမနပ်ဖြစ်နေကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

သန်းပေါင်းများစွာသော နှစ်ကတည်းက ရှိနေခဲ့သည့် အင်္ဂါဂြိုဟ်၏ ယင်းအစိတ်အပိုင်းသည် ကမ္ဘာပေါ်တွင် တွေ့ရှိခဲ့ဖူးသမျှထဲ၌ အကြီးဆုံးဖြစ်ပြီး ဆိုသီဘီလေလံပွဲတွင် ဒေါ်လာ ၄ ဒသမ ၃ သန်း(ပေါင် ၃ ဒသမ ၂ သန်း) ဖြင့် ရောင်းချခဲ့ခြင်းဖြစ်သည်။

ကမ္ဘာမြေသို့ရောက်ရှိလာခဲ့သော ဂြိုဟ်ပြင်ပမှ အရာဝတ္ထုများသည် လူသားများအကြားတွင် ကြာရှည်စွာ ကိုးကွယ်မှုများကို ဖြစ်ပေါ်စေခဲ့သည်။ အချို့မှာ ဘာသာရေးဆိုင်ရာ အရာဝတ္ထုများဖြစ်လာပြီး အချို့မှာမူ ပြသရန်အတွက် စိတ်ဝင်စားဖွယ်ရာ ပစ္စည်းများဖြစ်လာခဲ့သည်။ မကြာသေးမီကမှ များစွာသော ဥက္ကာခဲများသည် သိပ္ပံပညာလေ့လာမှုများ၏ အဓိကအကြောင်းအရာများ ဖြစ်လာခဲ့သည်။

ဥက္ကာခဲရောင်းဝယ်ရေးကို အနုပညာပစ္စည်းဈေးကွက်နှင့် နှိုင်းယှဉ်ထားပြီး အလှအပဆိုင်ရာနှင့် ရှားပါးမှုတို့သည် ဈေးနှုန်းကို သက်ရောက်မှုရှိသည်။

ကမ္ဘာပေါ်တွင် တွေ့ရှိခဲ့သည့် ဥက္ကာခဲပေါင်း ၅၀၀၀၀ အနက် ၄၀၀ ထက်မနည်းသော ဥက္ကာခဲများသည် အင်္ဂါဂြိုဟ်မှလာသည်ဟု ယူဆထားကြောင်း သိရသည်။

**Mon**




## နှစ် ၅၀ ကျော်ကြာ လမ်းလျှောက် သတင်းစာရောင်းချနေသော အက်ဘား ပြင်သစ်အစိုးရ၏ နိုင်ငံတော်ဂုဏ်ထူးဆောင်ဘွဲ့ ချီးမြှင့်ခံရတော့မည်

**ပဲရစ် ဩဂုတ် ၁၀**

ပြင်သစ်နိုင်ငံ ပဲရစ်မြို့တော်ရှိ ဘယ်ဖက်ကမ်းရပ်ကွက်တွင် သတင်းစာများကို လက်မှကိုင်ပြီး ခေါင်းစီးသတင်းများကို နှုတ်မှ ရွတ်ဆိုလျက် နှစ် ၅၀ ကျော်ကြာ လမ်းလျှောက်၍ သတင်းစာရောင်းချနေသော အလီအက်ဘားဆိုသူအား နိုင်ငံတော်ဂုဏ်ထူးဆောင်ဘွဲ့ ချီးမြှင့်ခံရတော့မည်ဖြစ်ကြောင်း သိရသည်။

သမ္မတ အီမန်နျူယယ် မက်ခရွန်ကိုယ်တိုင်လည်း ကျောင်းသားဘဝက အက်ဘားထံမှ သတင်းစာများ ဝယ်ယူဖူးပြီး လာမည့်လတွင် ပြင်သစ်နိုင်ငံ၏ အမြင့်ဆုံးဂုဏ်ထူးဆောင်ဘွဲ့တစ်ခုကို ၎င်းအား ချီးမြှင့်ရန် စီစဉ်ထားသည်။

"၁၉၇၃ ခုနှစ်မှာ ကျွန်တော် ဒီမှာစလုပ်တုန်းက ပဲရစ်မှာ ကျွန်တော်တို့လို လမ်းဘေးသတင်းစာရောင်းသူ ၃၅ ယောက်ကနေ ၄၀ လောက်ရှိခဲ့တယ်။ အခုတော့ ကျွန်တော်တစ်ယောက်တည်း ကျန်ခဲ့ပြီ" ဟု အက်ဘားက ပြောပြသည်။

"စိတ်ပျက်စရာကောင်းလွန်းလို့ပါ။ အခုဆိုရင် အရာရာတိုင်းက ဒစ်ဂျစ်တယ်ဖြစ်နေပြီ။ လူတွေက သူတို့ရဲ့ ဖုန်းတွေကိုပဲ ကြည့်ချင်နေကြတယ်" ဟုလည်း ၎င်းက ဆက်လက်ပြောကြားကြောင်း သိရသည်။ **Mon**





## အက်ပဲလ်ကုမ္ပဏီထုတ် အိုင်ဖုန်းသစ်မိတ်ဆက်ပွဲကို လာမည့် စက်တင်ဘာလ ၉ ရက်တွင် ကျင်းပဖွယ်ရှိ

**ဝါရှင်တန် ဩဂုတ် ၁၀**

အက်ပဲလ်၏ နှစ်စဉ်ကျင်းပမြဲဖြစ်သော အိုင်ဖုန်းသစ်မိတ်ဆက်ပွဲကို လာမည့် တစ်လခန့်အကြာ စက်တင်ဘာလ ၉ ရက်နေ့တွင် ကျင်းပမည်ဟု သတင်းများထွက်ပေါ်နေကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

ဂျာမန်မိုဘိုင်းဖုန်းဝန်ဆောင်မှုပေးသူများ၏ ပြည်တွင်းစာရွက်စာတမ်းများကို ကိုးကား၍ ဂျာမန်ဝက်ဘ်ဆိုက်တစ်ခုက ထိုရက်စွဲကို ဖော်ပြခဲ့ခြင်းဖြစ်သည်။

အသစ်ထွက်ရှိလာမည့် စမတ်ဖုန်းအကြောင်း ပေါက်ကြားမှုများသည် မကြာသေးမီ ရက်သတ္တပတ်များအတွင်း တိုးလာခဲ့ရာ အက်ပဲလ်သည် ပုံမှန်အတိုင်း အိုင်ဖုန်းလေးလုံးကို မိတ်ဆက်မည်ဟု မျှော်လင့်ရပြီး အဓိကကွာခြားချက်တစ်ခုရှိသည်။

အိုင်ဖုန်းပလပ်စ်မရှိတော့ဘဲ လွန်ခဲ့သည့် လအနည်းငယ်က ဆမ်ဆောင်းကုမ္ပဏီက မိတ်ဆက်ခဲ့သည့် ဂလက်ဇီအက်စ် ၂၅ အက်ချ်နှင့်မတူဘဲ အလွန်ပါးလွှာသော အိုင်ဖုန်း ၁၇ အဖြစ် အစားထိုးလိုက်ပြီဖြစ်ကြောင်း သိရသည်။ **Mon**

## ထိုင်းနိုင်ငံတွင် မုတ်သုံလေ အားကောင်းလာပြီး မိုးသည်းထန်မည်၊ လှိုင်းလေကြမ်းများနှင့်ပတ်သက်၍လည်း သတိပေးထားသည်ဟု ဆို

**ဘန်ကောက် ဩဂုတ် ၁၀**

ထိုင်းနိုင်ငံတွင် မုတ်သုံလေ ပိုမိုအားကောင်းလာသဖြင့် မိုးသည်းထန်စွာရွာသွန်းမည်ဟု ခန့်မှန်းထားပြီး သင်္ဘောများကိုလည်း လှိုင်းလေကြမ်းများနှင့် ပတ်သက်၍ သတိပေးထားကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။

ဩဂုတ်လ ၁၀ ရက်မှ ၁၅ ရက်နေ့အထိ မုတ်သုံလေအားကောင်းလာသဖြင့် ထိုင်းနိုင်ငံတွင် မိုးပိုမိုရွာသွန်းနိုင်ပြီး နေရာကွက်၍ သည်းထန်စွာရွာသွန်းနိုင်သည်ဟု ဆိုသည်။

အနောက်တောင်မုတ်သုံလေသည် ကပ္ပလီပင်လယ်၊ ထိုင်းနိုင်ငံနှင့် ထိုင်းပင်လယ်ကွေ့တို့ကို ဆက်လက်လွှမ်းမိုးထားကာ တစ်နိုင်ငံလုံးတွင် မိုးခြိမ်းသံများနှင့်အတူ မိုးရွာသွန်းမှုများ ဖြစ်ပေါ်နိုင်စေသည်ဟု ထိုင်းမိုးလေဝသဌာနက ထုတ်ပြန်ကြေညာသည်။

ကပ္ပလီပင်လယ်ရေပြင်အထက်ပိုင်းတွင် လေတိုက်နှုန်းအသင့်အတင့်ရှိပြီး လှိုင်းအမြင့် ၁ မီတာ၊ ၂ မီတာအထိ ရှိလာမည်ဟု ခန့်မှန်းထားကာ မိုးခြိမ်းသောနေရာများတွင် ၂ မီတာအထက်အထိ မြင့်တက်နိုင်သဖြင့် ကပ္ပလီပင်လယ်နှင့် ပင်လယ်ကွေ့ရှိ သင်္ဘောများအားလုံးသည် မိုးခြိမ်းသောနေရာများအနီးတွင် ရွက်လွှင့်ခြင်းမှ ရှောင်ကြဉ်ပြီး သတိဖြင့် ဆောင်ရွက်ကြရန် အကြံပြုထားသည်။

ဩဂုတ်လ ၁၀ ရက်မှ ၁၅ ရက်အထိ မုတ်သုံမိုးရွာသွန်းမှုသည် ထိုင်းနိုင်ငံမြောက်ပိုင်းနှင့် အရှေ့မြောက်ပိုင်းသို့ ရွေ့လျားမည်ဖြစ်ပြီး ကပ္ပလီပင်လယ်၊ ထိုင်းနိုင်ငံနှင့် ပင်လယ်ကွေ့တို့တွင် အနောက်တောင်မုတ်သုံလေသည် အားကောင်းလာမည်ဖြစ်ကြောင်း သိရသည်။

**Mon**

## တူကီယဲနိုင်ငံ အနောက်မြောက်ပိုင်း၌ တောမီးလောင်မှုကြောင့် ဒေသခံများ ဘေးလွတ်ရာသို့ ပြောင်းရွှေ့

**အစ္စတန်ဘူလ် ဩဂုတ် ၁၀**

တူကီယဲနိုင်ငံ အနောက်မြောက်ပိုင်း ကန်နက်ခဲလ်ပြည်နယ်၌ ဩဂုတ် ၈ ရက်က တောမီးလောင်မှု နှစ်ခုဖြစ်ပွားပြီး နေအိမ်အများအပြား မီးလောင်ပျက်စီးခဲ့ကာ လူ ၁၀၀၀ ခန့် ဘေးလွတ်ရာသို့ ပြောင်းရွှေ့ခဲ့ရကြောင်း အာဏာပိုင်များက ဩဂုတ် ၉ ရက်က ပြောကြားသည်။

တောမီး လောင်မှုကြောင့် စကက်ခ်လီကျေးရွာ၌ အဆောက်အအုံ ၄၃ လုံးပျက်စီးသွားခဲ့ကြောင်း၊ အခြားကျေးရွာများ၏ အပျက်အစီးများကိုလည်း စုံစမ်းစစ်ဆေးနေဆဲဖြစ်ကြောင်း သဘာဝပတ်ဝန်းကျင်၊ မြို့ပြနှင့်ရာသီဥတုပြောင်းလဲမှုဝန်ကြီး မူရတ်ကူရမ်က လူမှုကွန်ရက်မီဒီယာပလက်ဖောင်း X တွင် ပြောကြားသည်။

ဒေသခံ ၁၀၀၀ နီးပါးကို ဘေးလွတ်ရာသို့ ပြောင်းရွှေ့ပေးခဲ့ရကြောင်း စိုက်ပျိုးရေးနှင့် သစ်တောရေးရာဝန်ကြီး အီဘရာဟင်ယုမက်ခ်လီက ပြောသည်။

မီးလောင်မှုကြောင့်လေကြောင်းသွားလာမှုများနှင့် အေဂျီယံပင်လယ်မှ မာမာရာပင်လယ်သို့ ချိတ်ဆက်ကာ နိုင်ငံတကာသင်္ဘောအသွားအလာများအတွက် အရေးကြီးသော လမ်းကြောင်းတစ်ခုဖြစ်သည့် ဒါဒန်နဲလက်ခ်စ်ရေလက်ကြားတွင် ရေကြောင်းသွားလာမှုများလည်း ယာယီပြတ်တောက်ခြင်းတို့ ဖြစ်ပေါ်ခဲ့ရကြောင်း သိရသည်။ **ဆင်ဟွာ**

## မြန်မာနိုင်ငံ လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် အသိပညာပေးဟောပြော

**မိုင်းဖြတ် ဩဂုတ် ၁၀**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်ခရိုင်၊ မိုင်းဖြတ်မြို့နယ်တွင် (၁၃)ကြိမ်မြောက် မြန်မာနိုင်ငံ လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အကြို အသိပညာပေး ဟောပြောပွဲကို ဩဂုတ် ၉ ရက် နံနက် ၉ နာရီခွဲက အခြေခံပညာအထက်တန်းကျောင်း (မိုင်းဖြတ်)ရှိ ရွှေလီဆောင်ခန်းမ၌ ကျင်းပသည်။ **(အောက်ပုံ)**

ရှေးဦးစွာ အခြေခံပညာ ထက်တန်းကျောင်း(မိုင်းဖြတ်) ကျောင်းအုပ်ဆရာမကြီး ဒေါ်အမာကြည်က အသိပညာပေး ဟောပြောပွဲ ကျင်းပရခြင်းနှင့်စပ်လျဉ်း၍ အမှာစကားပြောကြားသည်။ ထို့နောက် မြို့မရဲစခန်း ဒုရဲမှူး ချမ်းသာက လူကုန်ကူးမှု၏ အဓိပ္ပာယ်၊ လူကုန်ကူးမှုဆိုင်ရာ ဥပဒေအကြောင်း သိကောင်းစရာများကို ရှင်းလင်းပြောကြားပြီး ရဲအုပ်မောင်မောင်လွင်က လူကုန်ကူးမှုအန္တရာယ်သည် အချိန်၊ နေရာဒေသမရွေး ဖြစ်နိုင်ကြောင်း၊ လူကုန်ကူးမှုကို ဖြစ်ပေါ်စေသည့် အဓိကအကြောင်းအရာများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့မှ လူကုန်ကူးမှုအန္တရာယ်တားဆီးကာကွယ်ရေး ဆောင်ရွက်ချက်များနှင့် လူကုန်ကူးမှုမဖြစ်စေရေး လိုက်နာရမည့်အချက်များကို ရှင်းလင်းပြောကြားကြသည်။

ဆက်လက်၍ ဟောပြောပွဲသို့ တက်ရောက်လာကြသည့် ကျောင်းသား၊ ကျောင်းသူများက သိလိုသည့်အချက်များကို မေးမြန်းဆွေးနွေးခဲ့ရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်း ဖြေကြားပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

၀-၀-၀-၀-၀-၀





## ဆက်သွယ်ရေးလိမ်လည်မှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲ ကျင်းပ

**ဟုမ္မလင်း ဩဂုတ် ၁၀**

ဟုမ္မလင်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ဟုမ္မလင်းမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်းပြီး ဆက်သွယ်ရေးလိမ်လည်မှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေး ဟောပြောပွဲကို ဩဂုတ် ၉ ရက် မွန်းလွဲ ၁ နာရီခွဲက ဟုမ္မလင်းမြို့၊ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း ဘိုးရာဇာခန်းမတွင် ကျင်းပသည်။

ရှေးဦးစွာ ဟုမ္မလင်းမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ မြို့နယ်ကျန်းမာရေးမှူး ဒေါ်လုလုခင်က ယနေ့ နိုင်ငံတကာတွင် ဖြစ်ပေါ်နေသော ဆက်သွယ်ရေး လိမ်လည်မှုများဆိုင်ရာအကြောင်းအရာများ မှုခင်းများနှင့်ပတ်သက်၍လည်းကောင်း အသိပညာပေး ဆွေးနွေးပြောကြားခဲ့သည်။

ထို့နောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြည်သူ့လုံခြုံရေးဆိုင်ရာဝန်ကြီးဌာနနှင့် ကမ္ဘောဒီးယားနိုင်ငံ ပြည်ထဲရေးဝန်ကြီးဌာနတို့မှ ပေးပို့သည့်ဆက်သွယ်ရေး လိမ်လည်မှုဆိုင်ရာ အသိပညာပေး ဗီဒီယို clip နှစ်ခုအား ပြသရာ တက်ရောက်လာကြသည့် ကျောင်းသား၊ ကျောင်းသူလေးများက ကြည့်ရှုအားပေးခဲ့ကြသည်။

ထို့နောက် လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲကို ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးဇဆက်က လူငယ်နှင့်ဗလငါးတန်ဖွံ့ဖြိုးတိုးတက်ရေးနှင့် အောင်မြင်ရေးနည်းလမ်းများအကြောင်း ခေါင်းစဉ်ဖြင့် ဟောပြောခဲ့ကြသည်။

အဆိုပါ အသိပညာပေး ဟောပြောပွဲအခမ်းအနားသို့ မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိနှင့် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနတို့မှ ဝန်ထမ်းများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ဆရာ၊ ဆရာမများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**(အပေါ်ပုံ)**

**မြို့နယ်(ပြန်/ဆက်)**

၀-၀-၀-၀-၀-၀-၀

# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ

## တရားမဝင် လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ လိုင်စင်မဲ့ယာဉ်များ၊ လိုင်စင်မဲ့ဆိုင်ကယ်များနှင့် တရားမဝင် ကုန်ပစ္စည်းတင်ယာဉ်များ သိမ်းဆည်းရမိ

**နေပြည်တော် ဩဂုတ် ၁၀**

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၇ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ သီလဝါဆိပ်ကမ်း၌ ကုန်သေတ္တာတစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံး ပစ္စည်းတစ်မျိုးကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဩဂုတ် ၇ ရက်နှင့် ၈ ရက်တို့တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြစ်ငယ်စစ်ဆေးရေးဂိတ်၌ ရန်ကုန်မြို့မှ မုံရွာမြို့သို့ မောင်းနှင်လာသည့်ယာဉ်တစ်စီးနှင့် ကျင်းစန်းကျော့မှ မန္တလေးမြို့သို့ မောင်းနှင်လာသည့် ယာဉ်တစ်စီးတို့ပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ၁၈ မျိုး၊ လူသုံးကုန်ပစ္စည်းတစ်မျိုးနှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Scania Bus တစ်စီး၊ Dong Feng Tractor Head တစ်စီးနှင့် နောက်တွဲယာဉ်တစ်တွဲကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။




အလားတူ ရှမ်းပြည်နယ် တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ လားရှိုးမြို့ ရေပူစမ်းလမ်းဆုံ ပူးပေါင်းစစ်ဆေးရေးဂိတ်၌ ချင်းရွှေဟော်မှ လားရှိုးမြို့သို့မောင်းနှင်လာသည့်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းရှစ်မျိုးနှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Nissan UD Truck တစ်စီးကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဩဂုတ် ၈ ရက်တွင် ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံ ရဲတပ်ဖွဲ့၏ ဖမ်းဆီးရမိမှုစာရင်းများအရ လိုင်စင်မဲ့ယာဉ် ရှစ်စီးနှင့် လိုင်စင်မဲ့ဆိုင်ကယ် ၂၄ စီး ဖမ်းဆီးရမိခဲ့ပြီး သက်ဆိုင်ရာလုပ်ထုံးလုပ်နည်းဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(ဝဲပုံ)**

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**



## မြို့သစ်ကြီးရပ်ကွက်၊ လမ်းသွယ်(၆)၌ နေအိမ်မီးလောင်မှု ဖြစ်ပွား

**မြစ်ကြီးနား ဩဂုတ် ၁၀**

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့၊ မြို့သစ်ကြီးရပ်ကွက်၊ လမ်းသွယ်(၆)၌ ဩဂုတ် ၇ ရက် နံနက် ၉ နာရီခန့်က ပေ ၃၀×၂၀၊ သွပ်မိုး၊ ထရံကာ၊ ပျဉ်ခင်း တစ်ထပ်နေအိမ်မီးဖိုခန်းရှိ လျှပ်စစ်မီးပလပ်ခုံ အပူလွန်ကဲရာမှ အနီးရှိထရံသို့ မီးကူးစက်လောင်ကျွမ်းမှုဖြစ်ပွားကြောင်း သတင်းရရှိသဖြင့် မြစ်ကြီးနားခရိုင်၊ မြို့နယ်မီးသတ်စခန်းများမှ မီးသတ်တပ်ဖွဲ့ဝင်များသည် မီးသတ်ယာဉ်သုံးစီးဖြင့် မီးငြိမ်းသတ်ခဲ့ရာ နံနက် ၉ နာရီ မိနစ် ၂၀ တွင် မီးငြိမ်းခဲ့သည်။

အဆိုပါမီးလောင်မှုကြောင့် ပေ ၃၀×၂၀၊ သွပ်မိုး၊ ထရံကာ၊ ပျဉ်ခင်းတစ်ထပ်နေအိမ်တစ်လုံး မီးလောင်ဆုံးရှုံးခဲ့သည်။ အိမ်ငှားဖြစ်သူအား မြစ်ကြီးနားနယ်မြေ ရဲစခန်းမှ အမှုဖွင့်အရေး ယူထားကြောင်း သိရသည်။

**(အပေါ်ပုံ)**

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

သင့်အသက်အန္တရာယ်ကာကွယ်ရန်အတွက် ဆိုင်ကယ်စီးလျှင် ဦးထုပ်ဆောင်းပြီး မေးသိုင်းကြိုးသေချာစွာ တပ်ပါ။

## လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့အကြောင်း အသိပညာပေးဟောပြောပွဲနှင့် နံရံကပ်စာစောင်၊ စာအုပ်စာစောင်ပြပွဲ ဆောင်ရွက်



ပွင့်ဖြူ သြဂုတ် ၁၀

မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပညာရေးဌာနတို့ ပူးပေါင်းပြီး ကျောင်းသား၊ ကျောင်းသူများ အသိပညာတိုးပွားစေရန် ရည်ရွယ်၍ သြဂုတ် ၉ ရက် မွန်းလွဲ ၁ နာရီက ပွင့်ဖြူမြို့ အမှတ်(၁) အခြေခံပညာမူလတန်းကျောင်းသို့ သွားရောက်၍ လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့အကြောင်း အသိပညာပေး ဟောပြောပွဲနှင့် နံရံကပ်စာစောင် ပြပွဲ၊ စာအုပ်၊ စာစောင်ပြပွဲ ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ရှေးဦးစွာ ပွင့်ဖြူမြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ဥမ္မာထိန်လင်းက လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့အကြောင်း သိကောင်းစရာများ၊ လူကုန်ကူးမှုဖြစ်စဉ်အကြောင်းအရာများနှင့် လူကုန်ကူးမှုအန္တရာယ် ကြုံတွေ့လာပါက အကူအညီတောင်းခံရမည့် နည်းလမ်းများ၊ လူကုန်ကူးမှုတိုက်ဖျက်ရေးလုပ်ငန်းများတွင် ပြည်သူများ ပူးပေါင်းပါဝင်ဆောင်ရွက်ရမည့် တာဝန်ဝတ္တရားများကို ဆွေးနွေးဟောပြောသည်။

ထို့နောက် ဝန်ထမ်းများအဖွဲ့က ပညာရေးဌာနမှ ဆရာ၊ ဆရာမများနှင့် ပူးပေါင်းကာ ကျောင်းသား၊ ကျောင်းသူများ အသိပညာတိုးပွားစေရန် လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့အကြောင်း နံရံကပ်စာစောင်များ၊ သုတရသစာအုပ်၊ စာစောင်များကို ပြသဆောင်ရွက်ခဲ့ရာ တက်ရောက်လာသည့် ကျောင်းသား၊ ကျောင်းသူများက စိတ်ဝင်တစားလေ့လာဖတ်ရှုခဲ့ကြကြောင်း သိရသည်။

(ခဲပုံ)

(၄၄၅)

၀-၀-၀-၀-၀

**ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ လွန်ချမ်းသာ။**

## စဉ့်ကိုင်မြို့နယ်၌ လုယက်မှုကျူးလွန်သူ အမျိုးသားလေးဦးကို သက်သေခံပစ္စည်းများနှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိ



နေပြည်တော် သြဂုတ် ၁၀

မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ်၌ သြဂုတ် ၈ ရက်က ဆိုင်ကယ်လုယက်မှု ကျူးလွန်သူ အမျိုးသားလေးဦးကို သက်သေခံပစ္စည်းများနှင့် အတူ ဖော်ထုတ်ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ သြဂုတ် ၈ ရက် နံနက် ၁၀ နာရီ ၄၅ မိနစ်တွင် စဉ့်ကိုင်မြို့နယ် စိုက်ပျိုးရေးကျေးရွာနေ ကိုသန့်ဇင်ဖြိုး ၂၃ နှစ်သည် ၎င်းပိုင်ဆိုင်သော MDY-57W/20689 Honda Click ဆိုင်ကယ်ဖြင့် ရွာသာရွာကျေးရွာအနီးရှိ မြလိပ်တောင်ဘုန်းကြီးကျောင်းတွင် ရောက်ရှိနေသော အဘွားဖြစ်သူ ဒေါ်ဆန်းမြင့်အား ခေါ်ဆောင်ရန် ရွာသာရွာကျေးရွာနှင့် စိုက်ပျိုးရေးကျေးရွာသွား တောင်ခြေလမ်းအတိုင်း သွားရောက်စဉ် တောင်ခြေလမ်းအဝင်အရောက် အမည်မသိ အမျိုးသားနှစ်ဦးကိုတွေ့ရှိရပြီး ၎င်းတို့အနက် အမျိုးသားတစ်ဦးက ကိုသန့်ဇင်ဖြိုး စီးနင်းလာသော ဆိုင်ကယ်၏ ယာဘက် ရှေ့ခေါင်းပိုင်းအား ခြေထောက်ဖြင့်ကန်ရာ ကိုသန့်ဇင်ဖြိုးမှာ အရှိန်မထိန်းနိုင်ဘဲ ဆိုင်ကယ်နှင့်အတူ လဲကျသွားစဉ် တောအတွင်း၌ ပုန်းအောင်းနေသော အမည်မသိ အမျိုးသားနှစ်ဦး ထပ်မံရောက်ရှိလာပြီး ၎င်းတို့လေးဦးမှ ကိုသန့်ဇင်ဖြိုး စီးနင်းလာသည့် တန်ဖိုးငွေကျပ် ၇၀၀၀၀၀၀ ရှိ MDY-57W/20689 Honda Click ဆိုင်ကယ်တစ်စီး၊ တန်ဖိုးငွေကျပ် ၁၀၅၀၀၀၀ရှိ ရွှေလက်စွပ် တစ်ကွင်းတို့ကို ယူဆောင်၍ ၎င်းတို့လေးဦး စီးနင်းလာသည့် ဆိုင်ကယ်တစ်စီးနှင့်အတူ စိုက်ပျိုးရေးကျေးရွာဘက်သို့သွားသည့် လမ်းအတိုင်း မောင်းနှင်ထွက်ပြေးသွားခဲ့သည်။

အဆိုပါဖြစ်စဉ်ဖြစ်ပွားမှုအပေါ် ကိုသန့်ဇင်ဖြိုး၏ သတင်းပေးတိုင်တန်းချက်အရ လုံခြုံရေးတပ်ဖွဲ့ဝင်များသည် အခင်းဖြစ်နေရာကို ရောက်ရှိစစ်ဆေးခြင်း၊ တရားခံများ ထွက်ပြေးရာဘက်သို့ လိုက်လံစုံစမ်းဖော်ထုတ်ခြင်းများ အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ခဲ့ရာ မီးသွေးဘုတ်ကျေးရွာအနီးအရောက်တွင် သမီးရည်းစားစုံတွဲတစ်တွဲထံမှ ဆိုင်ကယ်အား ထပ်မံလုယက်နေသည်ကို တွေ့ရှိရသဖြင့် အနီးပတ်ဝန်းကျင်ရှိ ပြည်သူများနှင့်အတူ ဝိုင်းဝန်းဖမ်းဆီးခဲ့ရာ တရားခံအမျိုးသားတစ်ဦး အမရပူရမြို့နယ် ဖျောက်ဆိပ်ကုန်းရပ်ကွက်နေ သက်ပိုင်ဦး (ခ) ပိုင်ကြီး ၁၉ နှစ်ကို ဖမ်းဆီးရမိခဲ့ပြီး ကျန်အမျိုးသားသုံးဦးမှာ ထွက်ပြေးသွားသဖြင့် လိုက်လံဖမ်းဆီးခဲ့ရာ ကွဲနဖားကျေးရွာအနီးအရောက်တွင် အမရပူရမြို့နယ် တောင်တမန်ကျေးရွာနေ ထိန်လင်းနိုင် (ခ) အာကြီး ၂၆ နှစ်၊ ပြည်ကြီးတံခွန်မြို့နယ် ငွေတော်ကြည်ကုန်းရပ်ကွက်နေ မျိုးသစ်(ခ)ကုလား ၁၆ နှစ်၊ ပြည်ကြီးတံခွန်မြို့နယ် ငွေတော်ကြည်ကုန်းရပ်ကွက်နေ ကျော်မိုးမြင့် (၂၃)နှစ်တို့ကို ထပ်မံဖမ်းဆီးရမိခဲ့သည်။

ပြစ်မှုကျူးလွန်သူများကို စဉ့်ကိုင်မြို့မ ရဲစခန်း၌ (ပ)၁၁၆-၁၁၇/၂၀၂၅၊ ရာဇသတ်ကြီး ပုဒ်မ ၃၈၂/၁၁၄ ဖြင့် အမှုဖွင့်စစ်ဆေးလျက်ရှိပြီး ထိရောက်ပြစ်ဒဏ်ရရှိရေးနှင့် အခြားပြစ်မှုများ ဖော်ထုတ်နိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

## ဗဟန်းမြို့နယ်၌ ဓားထိုးမှုဖြစ်ပွားခဲ့သဖြင့် အမျိုးသမီးတစ်ဦးသေဆုံးကာ အမျိုးသားတစ်ဦးဒဏ်ရာရရှိမှုမှ ပြစ်မှုကျူးလွန်သူ တရားခံအမျိုးသားတစ်ဦးကို ၎င်း၏ဇနီးဖြစ်သူနှင့်အတူ ဖမ်းဆီးရမိ

နေပြည်တော် သြဂုတ် ၁၀

ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ် အမှတ်(၄)ရပ်ကွက်နေ ဒေါ်စမ်းစမ်းအေး ၅၉ နှစ်သည် တာမွေမြို့နယ် မေတ္တာညွန့်ရပ်ကွက်နေ ဦးလတ်ခန်အရေ ၃၀ နှစ်နှင့်အတူ သြဂုတ် ၅ ရက် ညနေ ၄ နာရီ ၂၅ မိနစ်က ဗဟန်းမြို့နယ်ရှိ မြန်မာပလာဇာမှ နေအိမ်သို့ပြန်ရန် မြန်မာပလာဇာအောက်ထပ်ကားပါကင်၌ ရပ်ထားသည့် ကားအနီးသို့ ရောက်ရှိစဉ် အမျိုးသားနှစ်ဦး(စီစစ်ဆဲ)မှ ဓားဖြင့် ဝိုင်းဝန်းထိုးခုတ်ကာ ထွက်ပြေးသွားခဲ့သဖြင့် ဒေါ်စမ်းစမ်းအေးတွင် ဓားဒဏ်ရာများရရှိကာ သေဆုံးခဲ့ပြီး ဦးလတ်ခန်အရေတွင် ဓားဒဏ်ရာများ ရရှိခဲ့ကြောင်း သတင်းအရ ပြစ်မှုကျူးလွန်သူ တရားခံများကို ဖမ်းဆီးရမိနိုင်ရေး ဗဟန်းမြို့မ ရဲစခန်း၌ ရာဇသတ်ကြီးပုဒ်မ ၃၀၂/၃၂၆/၁၁၄ ဖြင့် အမှုဖွင့်စစ်ဆေးဆောင်ရွက်ခဲ့သည်။

အမှုမှ ပြစ်မှုကျူးလွန်သူ တရားခံများကို ဖမ်းဆီးရမိနိုင်ရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက အသေးစိတ်စုံစမ်းစစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ရာ တရားခံနှစ်ဦးမှာ မြန်မာပလာဇာသို့ YGN-43 1I/1190 Toyota Vitz အမျိုးအစား ခဲရောင်ယာဉ်ဖြင့် ယင်းနေ့ မွန်းလွဲ ၁ နာရီ ၅၇ မိနစ်တွင် ရောက်ရှိလာပြီး B2 ကားပါကင်တွင် ရပ်ထားခဲ့ကာ သေဆုံးသူ ဒေါ်စမ်းစမ်းအေး စီးနင်းလာသည့် YGN-13 4M-8749 Toyota Harrier အဖြူရောင်ယာဉ်သည် မွန်းလွဲ ၂ နာရီ ၂ မိနစ်တွင် ရောက်ရှိလာ၍ B2 ကားပါကင် A ဇုန်အနီးတွင် ရပ်တန့်ပြီး ဒေါ်စမ်းစမ်းအေးနှင့် ဦးလတ်ခန်အရေတို့ နှစ်ဦးသည် မြန်မာပလာဇာပေါ်သို့ တက်သွားခဲ့သည်။

ထို့နောက် တရားခံနှစ်ဦး စီးနင်းလာသည့် မော်တော်ယာဉ်သည် ဒေါ်စမ်းစမ်းအေး စီးနင်းလာသည့် မော်တော်ယာဉ်အနီးသို့ ပြောင်းလဲရပ်တန့်ခဲ့ပြီး ညနေ ၄ နာရီ ၂၇ မိနစ်တွင် ဒေါ်စမ်းစမ်းအေးနှင့် ဦးလတ်ခန်အရေတို့ နှစ်ဦးသည် ၎င်းတို့ ကားရပ်ထားသည့်နေရာသို့ သွားရောက်စဉ် တရားခံနှစ်ဦးမှ ကားပေါ်မှဆင်း၍ ဒေါ်စမ်းစမ်းအေးအား ဓားဖြင့်ထိုးခဲ့ကာ ဦးလတ်ခန်အရေက ပြန်လည်ခုခံသဖြင့် တရားခံတစ်ဦးမှ ဝင်ရောက်ထိုးကြိတ်ခဲ့သည်။

ယင်းနောက် တရားခံနှစ်ဦးသည် အခင်းဖြစ်နေရာမှ မြန်မာပလာဇာရှေ့ ကမ္ဘာအေး ဘုရားလမ်းပေါ်သို့ ထွက်ပြေးကာ တက္ကစီယာဉ်အမှတ် YGN-33 FF-1233 Toyota Caldina အဖြူရောင်ယာဉ်အား ငှားရမ်းပြီး ကမ္ဘာအေးဘုရားလမ်းအတိုင်း မောင်းနှင်သွားကြောင်း၊ အငှားယာဉ်မောင်းအား စစ်ဆေးခဲ့ရာ အဆိုပါတရားခံနှစ်ဦးကို အင်းစိန်မြို့နယ် ပြည်လမ်း ၁၀ မိုင်ကုန်း ကားမှတ်တိုင်အနီးသို့ ပို့ဆောင်ပေးခဲ့ရကြောင်း၊ တရားခံနှစ်ဦး၏ CCTV မှတ်တမ်းအား ဒေါ်စမ်းစမ်းအေး၏ သမီးဖြစ်သူ မပိုပိုအိန္ဒြာချစ်အား ပြသမေးမြန်းခဲ့ရာ တစ်ဦးမှာ မိခင်ဖြစ်သူနှင့်အတူ ဆောက်လုပ်ရေးလုပ်ငန်းအတူ လုပ်ကိုင်ပြီး မိခင်ဖြစ်သူအား အကြွေးပေးရန်ရှိသူ တောင်ဥက္ကလာပမြို့နယ်၊ (၄)ရပ်ကွက်၊ ပါရမီလမ်းနှင့် ဝေဇယန္တာလမ်းထောင့်ရှိ INNO City တွင် တည်းခိုနေထိုင်သူ မြတ်သူရကျော် ၃၁ နှစ်ဖြစ်ကြောင်း သိရှိရသဖြင့် ဖမ်းဆီးရမိရေး စုံစမ်းဖော်ထုတ်ခဲ့ရာ သြဂုတ် ၆ ရက် မွန်းလွဲ ၁၂ နာရီခွဲတွင် မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် ရန်ကုန်-မန္တလေး လမ်းဟောင်း၊ မြစ်ငယ်-ထုံးဘိုလမ်းခွဲ မြို့မအဝင်ဂိတ်တွင် ၎င်း၏ဇနီးဖြစ်သူ မအေးစုအိစံ(ခ) ဘေဘီ ၂၆ နှစ်(ဘ) ဦးဝင်းချို အင်းစိန်မြို့နယ် တောင်သူကုန်းရပ်ကွက် သိပ္ပံ(၉)လမ်း၊ Royal Thiri ကွန်ဒို၊ အမှတ်(၆၀၈) နေသူနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိသူ တရားခံ မြတ်သူရကျော်ကို စစ်ဆေးချက်အရ ၎င်းသည် သေဆုံးသူ ဒေါ်စမ်းစမ်းအေးအားပေးရန် အကြွေးများရှိသဖြင့် ငွေကြေးလိုအပ်ချက်များကြောင့် လုပ်ကြံသတ်ဖြတ်ခဲ့ခြင်းဖြစ်ကြောင်းနှင့် ၎င်းနှင့်အတူ ပြစ်မှုကျူးလွန်သူ အမျိုးသားတစ်ဦး (စီစစ်ဆဲ)ကို ဖမ်းဆီးရမိနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက အသေးစိတ်စုံစမ်းစစ်ဆေးခြင်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# နိုင်ငံတကာ အားကစား သတင်းများ

## 2025 National Bank Open presented by Rogers
## တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုအား Ben Shelton ဆွတ်ခူး

**လန်ဒန် ဩဂုတ် ၁၀**

ကနေဒါနိုင်ငံတွင် ကျင်းပလျက်ရှိသော အမျိုးသားတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2025 National Bank Open presented by Rogers တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို အမေရိကန်တင်းနစ်ကစားသမား Ben Shelton က ထိုက်ထိုက် တန်တန်ဆွတ်ခူးခဲ့သည်။



အဆိုပါ အမေရိကန်တင်းနစ်ကစားသမား Ben Shelton သည် 2025 National Bank Open presented by Rogers တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်တွင် ရုရှားတင်းနစ်ကစားသမား Karen Khachanov အား ၆-၇၊ ၆-၄၊ ၇-၆ ဖြင့် အနိုင်ရရှိကာ ချန်ပီယံဆုကို ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

အသက်(၂၂)နှစ်အရွယ်ရှိ Ben Shelton က “ကျွန်တော် အခုလို 2025 National Bank Open presented by Rogers တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို ဆွတ်ခူးခဲ့လို့ အတိုင်းမသိပျော်ရွှင်မိပါတယ်။ ကျွန်တော်ကိုအားပေးတဲ့ ပရိသတ်တစ်ဦးတစ်ယောက်ချင်းစီတိုင်းကိုလည်း အထူးကျေးဇူးတင်ပါတယ်။ နောက်ထပ်လည်း ယခုလို ဆုတွေ ထပ်မံဆွတ်ခူးနိုင်ဖို့ ဆက်လက် ကြိုးစားသွားမှာပါ”ဟု ပြောသည်။

(ဝဲပုံ)

(NGB)

## လီဗိုင်းကိုဝဲလ် ဒူးအရွတ်စုတ်ပြဲဒဏ်ရာကြောင့် ကာလရှည်အနားယူဖွယ်ရှိ

**လန်ဒန် ဩဂုတ် ၁၀**

ချဲလ်ဆီးအသင်း နောက်ခံကစားသမား လီဗိုင်းကိုဝဲလ် ဒူးအရွတ် စုတ်ပြဲဒဏ်ရာကြောင့် ကာလရှည် အနားယူဖွယ်ရှိနေသည်။

အဆိုပါ နောက်ခံကစားသမားသည်အသင်း၏ လေ့ကျင့်ခန်း အစီအစဉ်တွင် ပါဝင်ကစားရင်း ဒဏ်ရာပြင်းထန်စွာ ရရှိခဲ့ခြင်းဖြစ်သည်။

နောက်ခံကစားသမား လီဗိုင်းကိုဝဲလ် ဒဏ်ရာပြဿနာနှင့် ရင်ဆိုင်ခဲ့ရခြင်းကြောင့် ချဲလ်ဆီးအသင်း ခံစစ်ပိုင်းအတွက်လည်း ကြီးမားသည့် ထိုးနှက်ချက် တစ်ရပ်ဖြစ်လာခဲ့သည်။

အသက်(၂၂)နှစ်အရွယ်ရှိ နောက်ခံကစားသမား လီဗိုင်းကိုဝဲလ်သည် ချဲလ်ဆီးအသင်းနှင့်အတူ ပြီးခဲ့သည့် ဘောလုံးရာသီက ပြိုင်ပွဲစုံ ၄၃ပွဲကစားပြီး ၂ဂိုး သွင်းယူကာ ခြေစွမ်းပြထားသည်။ (အောက်ပုံ) (NGB)





## မန်စီးတီးအသင်းက ပါလာမိုအသင်းအား သုံးဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိ

**လန်ဒန် ဩဂုတ် ၁၀**

နိုင်ငံတကာကလပ်အသင်းများ၏ ဘောလုံးခြေစစ်ပွဲစဉ်အဖြစ် ယနေ့ နံနက်ပိုင်းက မန်စီးတီးအသင်းနှင့် ပါလာမိုအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ မန်စီးတီးအသင်းက ပါလာမိုအသင်းကို သုံးဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

မန်ချက်စတာစီးတီးအသင်းအတွက် သွင်းဂိုး သုံးဂိုးကို ပွဲချိန် ၂၅မိနစ်တွင် ဟာလန်း၊ ပွဲချိန် ၅၉မိနစ်နှင့် ၈၂မိနစ်တွင် ရီဂျန် ဒါစ်တို့က အသီးသီးသွင်းယူပေးခဲ့သည်။

မန်ချက်စတာစီးတီးအသင်းသည် ၂၀၂၄-၂၀၂၅ ဘောလုံးရာသီ ပရီးမီးယားလိဂ်အဖွင့်ပွဲစဉ်အဖြစ် လာမည့် ဩဂုတ် ၁၆ရက်တွင် ဝုဗ်အသင်းနှင့် စတင်ယှဉ်ပြိုင်ကစားသွားရမည်ဖြစ်သည်။

(အပေါ်ပုံ)

(NGB)

## အီဗန်ဂတ်ဗ်ဆန်န့် အက်စတွန်ဗီလာအသင်းတွင် ကျောနံပါတ် (၂၉)ဂျာစီအား ဝတ်ဆင်ကစားသွားမည်



**လန်ဒန် ဩဂုတ် ၁၀**

တိုက်စစ်မှူးသစ် အီဗန်ဂတ်ဗ်ဆန်န့်သည် အက်စတွန်ဗီလာအသင်းတွင် ကျောနံပါတ် (၂၉)ဂျာစီကို ဝတ်ဆင်ကစားသွားမည်ဖြစ်သည်။ (အပေါ်ပုံ)

အသက်(၂၄)နှစ်အရွယ်ရှိ တိုက်စစ်မှူးသည် နိုက်စ်အသင်းမှ အက်စတွန်ဗီလာအသင်းသို့ ၂၀၃၀ပြည့်နှစ်အထိ စာချုပ်ချုပ်ဆိုကာ ပြောင်းရွှေ့ရောက်ရှိလာခြင်း ဖြစ်သည်။

တိုက်စစ်မှူး အီဗန်ဂတ်ဗ်ဆန်န့်သည် နိုက်စ်အသင်းနှင့်အတူ ၂၀၁၉-၂၀၂၀ မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၀၈ ပွဲကစားကာ ၂၁ဂိုးသွင်းယူပြီး ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အက်စတွန်ဗီလာအသင်းက ခေါ်ယူခဲ့ခြင်း ဖြစ်သည်။

အက်စတွန်ဗီလာအသင်းသည် လာမည့် ဘောလုံးရာသီအတွက် ကြိုတင်ပြင်ဆင်မှုအနေဖြင့် လက်ရှိဈေးကွက်အတွင်းတွင် ကစားသမားသစ်များ ခေါ်ယူအားဖြည့်သွားဦးမည်ဖြစ်သည်။ (NGB)

## ဟယ်ရီကိန်းအား ခေါ်ယူရန် ဘာစီလိုနာအသင်းစိတ်ဝင်စား

**ဘာစီလိုနာ ဩဂုတ် ၁၀**

ဘာစီလိုနာအသင်းသည် ဘိုင်ယန်မြူးနစ်အသင်းနှင့် အဆင်မပြေဖြစ်နေသည့် တိုက်စစ်မှူး ဟယ်ရီကိန်းအား ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။

အသက်(၃၂)နှစ်အရွယ်ရှိ တိုက်စစ်မှူးသည် အသက်အရွယ်ပိုင်းအားဖြင့် ရင့်ကျက်ပြီဖြစ်သော်လည်း ခြေစွမ်းပိုင်းကျဆင်းခြင်းမရှိသေးသည့်အပြင်၊ ဘိုင်ယန်မြူးနစ်အသင်းနှင့်အတူ ပြီးခဲ့သည့် ဘောလုံးရာသီက ပြိုင်ပွဲစုံ ၅၁ပွဲ ကစားပြီး ၄၁ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ဘာစီလိုနာအသင်းက ခေါ်ယူရန် စိတ်ဝင်စားလာခြင်းဖြစ်သည်။



ဘိုင်ယန်မြူးနစ်အသင်းကလည်း ဟယ်ရီကိန်းအတွက် သင့်တင့်သည့် ပြောင်းရွှေ့ဈေးနှုန်း ရရှိပါက ရောင်းချသွားဖွယ်ရှိကြောင်း သတင်းများက ဖော်ပြခဲ့သည်။ (ဝဲပုံ)

ထို့ကြောင့် ဘာစီလိုနာအသင်းအနေဖြင့် ဘိုင်ယန်မြူးနစ်အသင်းထံမှ ဟယ်ရီကိန်းအား ခေါ်ယူနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။ (NGB)

## ဘောလုံးသတင်းအတိုအထွာများ

* ဆော်ဒီပရိုလိဂ်ကလပ် အယ်လ်ဟီလယ်အသင်းသည် လီဗာပူးအသင်းတိုက်စစ်မှူး ဒါဝင်နူနက်ဇ်အား သုံးနှစ်စာချုပ်ဖြင့် ခေါ်ယူနိုင်ခဲ့ပြီဖြစ်ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။
* အာဆင်နယ်အသင်းသည် အတ္တလန်တာအသင်းမှ လွတ်ခ်မန်းနှင့် ခရစ္စတယ်ပဲလေ့စ်အသင်းမှ အစ်ဇီတို့အား ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိကြောင်း သတင်းများက ဖော်ပြခဲ့သည်။

(NGB)

## ဂွန်ဇာလိုဂါစီယာအား ရီးရဲလ်မက်ဒရစ်အသင်းနှင့် သက်တမ်းတိုးစာချုပ် ချုပ်ဆို

**မက်ဒရစ် ဩဂုတ် ၁၀**

ရီးရဲလ်မက်ဒရစ်အသင်းသည် အသင်းလူငယ်တိုက်စစ်မှူး ဂွန်ဇာလိုဂါစီယာအား ၂၀၃၀ ပြည့်နှစ်အထိ သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။ (ယာပုံ)

အသက်(၂၁)နှစ်အရွယ်ရှိ တိုက်စစ်မှူးသည် အနာဂတ်တွင် ထွန်းတောက်လာမည့် ကစားသမားတစ်ဦးအဖြစ် သတ်မှတ်ခြင်းခံထားရသောကြောင့် ရီးရဲလ်မက်ဒရစ်အသင်းက သက်တမ်းတိုးစာချုပ် ချုပ်ဆိုခြင်း ဖြစ်သည်။

ရီးရဲလ်မက်ဒရစ်အသင်းထုတ်ပြန်ချက်တွင် “ဂွန်ဇာလိုဂါစီယာအား ၂၀၃၀ပြည့်နှစ်အထိ သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ပါပြီ။ သူဟာ အသင်းအတွက်အားထားရတဲ့ ကစားသမားတစ်ဦးဖြစ်လာလိမ့်မယ်လို့လည်း ယုံကြည်ပါတယ်”ဟု ထုတ်ပြန်သည်။

(NGB)



## မာလစ်ခ်သီအောကို ခေါ်ယူရန် နယူးကာဆယ်အသင်း သဘောတူညီမှု ရရှိ

**လန်ဒန် ဩဂုတ် ၁၀**

ပရီးမီးယားလိဂ်ကလပ် နယူးကာဆယ်အသင်းသည် အေစီမီလန်အသင်း နောက်ခံကစားသမား မာလစ်ခ်သီအောကို ခေါ်ယူရန် သဘောတူညီမှုရရှိခဲ့ပြီ ဖြစ်သည်။



အသက်(၂၄)နှစ်အရွယ်ရှိ နောက်ခံကစားသမားသည် ယခုရက်ပိုင်းအတွင်း နယူးကာဆယ်အသင်းသို့ လာရောက်ပူးပေါင်းကာ စာချုပ် ချုပ်ဆိုသွားမည်ဖြစ်သည်။

နောက်ခံကစားသမား မာလစ်ခ်သီအောသည် အေစီမီလန်အသင်းနှင့်အတူ ၂၀၂၂-၂၀၂၃ မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၈၅ပွဲကစားပြီး တစ်ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် နယူးကာဆယ်အသင်းက ခေါ်ယူလာခြင်းဖြစ်သည်။

နယူးကာဆယ်အသင်းသည် လက်ရှိဈေးကွက်အတွင်းတွင် ကစားသမား သုံးဦးအထိ ခေါ်ယူအားဖြည့်ထားပြီး ဖြစ်သည်။

(ဝဲပုံ) (NGB)

0-0-0-0-0

## မန်ချက်စတာယူနိုက်တက်အသင်းနှင့်အတူ ဆုဖလားများစွာရယူသွားမည်ဟု ဘန်ဂျမင်ဆက်စ်ကိုပြောကြား

**မန်ချက်စတာ ဩဂုတ် ၁၀**

တိုက်စစ်မှူးသစ် ဘန်ဂျမင်ဆက်စ်ကိုက မိမိအနေဖြင့် လာမည့် ဘောလုံးရာသီသစ်တွင် မန်ချက်စတာယူနိုက်တက်အသင်းနှင့်အတူ ဆုဖလားများစွာရယူသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ (ယာပုံ)

အဆိုပါ တိုက်စစ်မှူးသည် လက်ရှိဈေးကွက်အတွင်းတွင် လိုက်ပဇစ်အသင်းမှ မန်ချက်စတာယူနိုက်တက်အသင်းသို့ ပြောင်းရွှေ့ကြေး ၇၃ ဒသမ ၇သန်းဖြင့် ငါးနှစ်စာချုပ် ချုပ်ဆိုကာ ပြောင်းရွှေ့ရောက်ရှိလာခြင်းဖြစ်သည်။

တိုက်စစ်မှူး ဘန်ဂျမင်ဆက်စ်ကိုသည် လိုက်ပဇစ်အသင်းနှင့်အတူ ၂၀၂၃-၂၀၂၄မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၈၇ပွဲကစားပြီး ၃၉ ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် မန်ချက်စတာယူနိုက်တက်အသင်းကခေါ်ယူခဲ့ခြင်း ဖြစ်သည်။

အသက်(၂၂)နှစ်အရွယ်ရှိ ဘန်ဂျမင်ဆက်စ်ကိုက “ကျွန်တော် မန်ချက်စတာယူနိုက်တက်အသင်းသို့ ပြောင်းရွှေ့ခွင့်ရလို့ အတိုင်းမသိပျော်ရွှင်မိပါတယ်။ ပရီးမီးယားလိဂ်မှာကစားချင်တဲ့ အိပ်မက်တွေလည်း ပြီးပြည့်စုံခဲ့ပါပြီ။ လာမည့်ဘောလုံးရာသီစ်မှာလည်း ဒီအသင်းနဲ့အတူ ဆုဖလားများစွာ ရယူသွားမှာပါ”ဟု ပြောသည်။ (NGB)





## မဟာလောကရန်နိမ်အောင်တော်မူမြတ်စွာဘုရား ဂေါပကအဖွဲ့ပြန်လည်ဖွဲ့စည်း

**မန္တလေး ဩဂုတ် ၁၀**

မန္တလေးမြို့၊ အရှေ့ပြင်နယ်လုံးဆိုင်ရာ သီပေါမင်းတရားကြီး၏ ကောင်းမှုတော်ဖြစ်သော ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးမျက်မှန်ရပ်ကွက်၊ အကွက် ၈၀၃ တွင်တည်ထားသည့် မဟာလောကရန်နိမ်အောင်တော်မူမြတ်စွာဘုရား ဂေါပကအဖွဲ့သစ် ပြန်လည် ရွေးချယ်တင်မြှောက်ပွဲကို ယမန်နေ့ မွန်းလွဲ ၄ နာရီက အဆိုပါဘုရား ပရိဝုဏ်အတွင်းရှိ နှစ်ကိုပ်ရှစ်ဆူ ဓမ္မာရုံတွင် ကျင်းပသည်။

အဆိုပါအခမ်းအနားသို့ မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ၊ မိုးကောင်းတိုက် သုံးထပ်စာချကျောင်းဆရာတော် ဘဒ္ဒန္တဝိစ္စရ အမှူးပြုသည့် ဩဝါဒါစရိယ ဆရာတော် ကိုးပါး ကြွရောက်တော်မူကြပြီး ခရိုင်သာသနာရေးမှူး ဦးအောင်မင်း၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ၊ အဖွဲ့ဝင်(၁)ဗိုလ်မှူးအေးလင်းထွန်း၊ ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးခင်မောင်ကြည်၊ ဒုတိယဥက္ကဋ္ဌဦးချစ်သန်း (ရပ်ကွက်အုပ်ချုပ်ရေးမှူး)တို့နှင့် အဖွဲ့ဝင်များ တက်ရောက်သည်။

ရှေးဦးစွာ ဆရာတော်ကြီးများနှင့် တက်ရောက်လာကြသူများက နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားဖွင့်လှစ်ခဲ့ပြီး မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော် အမှူးပြုသည့် ဩဝါဒါစရိယ ဆရာတော်များထံမှ ဩဝါဒခံယူကြသည်။

ထို့နောက် ဂေါပကအဖွဲ့အသစ်အား ရွေးချယ်ခဲ့ရာ ဥက္ကဋ္ဌ ဦးခင်မောင်ကြည် အပါအဝင် အဖွဲ့ဝင် ၁၅ ဦးကို တင်မြှောက်ခဲ့ပြီး ဗိုလ်မှူးအေးလင်းထွန်းက သာသနာရေးဆိုင်ရာများ လျှောက်ထား၍ စပယ်ရုံကျောင်းဆရာတော် ဘဒ္ဒန္တကဉ္စာယနထံက နိဂုံးချုပ် ဩဝါဒကထာ နာယူကာ ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားရုပ်သိမ်းခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

(၀၇၂)

*-*-*-*-*

## ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေးမူလတန်း၊အလယ်တန်းကျောင်းဖွင့်

**မန္တလေး ဩဂုတ် ၁၀**

မန္တလေးတိုင်းဒေသကြီး၊ အခြေခံပညာဦးစီးဌာနလက်အောက်ရှိ ကျောင်းပြင်ပနှင့်တစ်သက်တာ ပညာရေးမူလတန်း၊အလယ်တန်းကျောင်း၊ ကျောင်းဖွင့်ခြင်းအခမ်းအနားကို မန္တလေး၊ အောင်မြေသာစံမြို့နယ်၊မန္တလေးတောင်ခြေ တောင်တက်လမ်းရှိ ဓေယျာသီရိ သီလရှင်ကျောင်းခန်းမတွင် ယမန်နေ့ နံနက် ၉ နာရီက မူလတန်း၊ အလယ်တန်းအဆင့်ရှိ အတန်းများကို ဖွင့်လှစ်သင်ကြားလျက်ရှိသည်။

အဆိုပါအခမ်းအနားတွင် ဦးစွာ မန္တလေးတိုင်းဒေသကြီး ကျောင်းပြင်ပ မူလတန်း၊အလယ်တန်း ပညာရေးမှ ကြီးကြပ်ရေးမှူး ဆရာမကြီး ဒေါ်ခင်မျိုးသန့်က အဖွင့်အမှာစကားပြောကြားပြီး၊ ကျောင်းထိုင်တိုက်အုပ်ဆရာကြီး ဒေါ်ထေရီ(ဓမ္မာစရိယ၊ ဝိနယဝိဒူ)က ကျောင်းတိုက်နှင့်ပတ်သက်သည့် စည်းမျဉ်းစည်းကမ်းများကို မှာကြားခဲ့သည်။ ၄င်းနောက် ကျောင်းပြင်ပ အလယ်တန်းပညာရေး မြို့နယ်ကြီးကြပ်ရေးမှူး ဆရာကြီး ဦးစိုးဝင်းက (NFME) ကျောင်းကိစ္စနှင့်ပတ်သက်၍ လည်းကောင်း အသီးသီးရှင်းလင်းပြောကြားခဲ့သည်။ ကျောင်းပြင်ပ တစ်သက်တာပညာရေး မူလတန်းကျောင်းသည် ၂၀၁၆ ခုနှစ်က စတင်ဖွင့်လှစ်နိုင်ခဲ့ပြီး (NFME) အဆင့်ကိုတော့ ပြီးခဲ့တဲ့ ၂၀၂၄-၂၀၂၅ ခုနှစ်မှာ စတင်ဖွင့်လှစ်နိုင်ကြောင်း၊ ယခုပညာသင်နှစ်တွင် သီလရှင်များ အပါအဝင် စုစုပေါင်း ၁၄၁ ဦးကို ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာဦးစီးဌာန လက်အောက်ခံအဖြစ် ဆရာ၊ ဆရာမကြီး အငြိမ်းစားအချို့ဖြင့် ပူးပေါင်းလျက် ဆရာဦးရေ ခုနစ်ဦးဖြင့် ဖွင့်လှစ်သင်ကြားနေသည်။

အဆိုပါ ကျောင်းသည် မန္တလေးခရိုင်တွင် တစ်ခုတည်းသော ကျောင်းဖြစ်ပြီး ပညာရေးဌာနနှင့် ယူနီဆက်တို့ ပူးပေါင်းဖွင့်လှစ်ပေးသည့်ကျောင်းဖြစ်ကြောင်းလည်း သိရသည်။

(အောက်ပုံ)

(၀၄၉)



အသက်သည်
သွေး
သွေးသည်
အသက်

## တိုင်းဒေသကြီး(ငွေလုံးငွေရင်း)ရန်ပုံငွေများဖြင့် ဆောင်ရွက်သော လုပ်ငန်းများအား ကွင်းဆင်း ကြည့်ရှု

**တောင်တွင်းကြီး ဩဂုတ် ၁၀**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ တောင်တွင်းကြီးမြို့နယ်အတွင်း ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီး (ငွေလုံးငွေရင်း) ရန်ပုံငွေများဖြင့် ဆောင်ရွက်သော လုပ်ငန်းများအား ဩဂုတ် ၉ ရက် နံနက်ပိုင်းက လမ်းပန်းဆက်သွယ်ရေး ဝန်ကြီး ဦးအောင်သူဦး၊ မကွေးတိုင်းဒေသကြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး(မြို့ပြ) ဦးဝင်းမိုးထိုက်နှင့် အဖွဲ့တို့က ကွင်းဆင်းကြည့်ရှုခဲ့သည်။

ထိုသို့ကွင်းဆင်းကြည့်ရှုရာတွင် လမ်းပန်းဆက်သွယ်ရေး ဝန်ကြီး ဦးအောင်သူဦး၊ မကွေးတိုင်းဒေသကြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး(မြို့ပြ) ဦးဝင်းမိုးထိုက်နှင့် မြို့နယ်စီမံကောင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများက တိုင်းဒေသကြီး(ငွေလုံးငွေရင်း)ရန်ပုံငွေကျပ် ၂၅၈ ဒသမ ၇၂၅ သန်းဖြင့် ဆောင်ရွက်သော တောင်တွင်း- အောင်လံကားလမ်းမှ-ကုန်းတန်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းတွင် (2× 4)ခွဲ ကျောက်ဖြင့် လမ်းချဲ့ခြင်းဆောင်ရွက်နေမှုအား လည်းကောင်း၊ရန်ပုံငွေကျပ် ၂၈၀ ဒသမ ၀၀၀ သန်းဖြင့် ဆောင်ရွက်သော တောင်တွင်း- အောင်လံကားလမ်းမှ ရွာသစ်လမ်းပေါ်ရှိ ပေ၄၀ တစ်စင်း သံကူကွန်ကရစ်တံတားတည်ဆောက်ခြင်းလုပ်ငန်းခွင်အား လည်းကောင်းကွင်းဆင်းကြည့်ရှုခဲ့ရာ တာဝန်ခံအင်ဂျင်နီယာများက လုပ်ငန်းဆောင်ရွက်နေမှုများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့ပြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်သူဦးနှင့် မကွေးတိုင်းဒေသကြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး(မြို့ပြ)တို့က လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

**နောင်နောင်(ဗိသနိုးမြေ)**

*-*-*-*-*



## သက်ကြီးဆရာဝန်ကြီးများ ထောက်ကူပြုအဖွဲ့မှ ထောက်ပံ့ငွေများပေးအပ်၊ ဆေးရုံတွင် ကျန်းမာရေးစစ်ဆေးပေး

**မန္တလေး ဩဂုတ် ၁၀**

မြန်မာနိုင်ငံဆရာဝန်အသင်း သက်ကြီးဆရာဝန်များ ထောက်ကူပြုအဖွဲ့မှ ကျန်းမာရေးထောက်ပံ့ငွေများကို ထောက်ပံ့ပေးလျက်ရှိရာ ဩဂုတ် ၉ ရက် နံနက်ပိုင်းက မြန်မာနိုင်ငံ ဆရာဝန်အသင်း (မန္တလေး)သက်ကြီးဆရာဝန်များ ထောက်ကူပြုအဖွဲ့ အတွင်းရေးမှူး ဒေါက်တာ အောင်မင်း၊ တွဲဖက်အတွင်းရေးမှူး ဒေါက်တာမောင်မောင်သန်းတို့က သားဖွားမီးယပ်အထူးကုဆရာဝန်ကြီး ပါမောက္ခ ဒေါက်တာ ဒေါ်ခင်မိမိလွင်၏ နေအိမ်သို့သွားရောက်၍ သက်ကြီးဆရာဝန်များ အထောက်ကူပြု SGED ကျန်းမာရေး ထောက်ပံ့ငွေပေးအပ်ခဲ့ပြီး ကျန်းမာရေး မေးမြန်းအားပေးစကားများ ပြောကြားခဲ့သည်။ သားဖွားမီးယပ်အထူးကုဆရာဝန်ကြီး ပါမောက္ခ ဒေါက်တာ ဒေါ်ခင်မိမိလွင်က မြန်မာနိုင်ငံ ဆရာဝန်အသင်း (မန္တလေး)သို့ ငွေကျပ် တစ်သိန်း ပြန်လည်လှူဒါန်းခဲ့သည်။

မြန်မာနိုင်ငံဆရာဝန်အသင်း (မန္တလေး)သက်ကြီးဆရာဝန်ကြီးများ ထောက်ကူပြုအဖွဲ့မှ ကြီးမှူး၍ အသက်(၇၀)နှစ်အထက် သက်ကြီးဆရာဝန်ကြီးများအား မန္တလေးမြို့ရှိ ပုဂ္ဂလိကဆေးရုံကြီးများတွင် Medical Check Up ကျန်းမာရေးစစ်ဆေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိရာ အသက်(၇၀)နှစ်အထက် ဆရာဝန်ကြီးများ မြန်မာနိုင်ငံဆရာဝန်အသင်း(မန္တလေး) သက်ကြီးဆရာဝန်များ ထောက်ကူပြုအဖွဲ့သို့ အခမဲ့အသင်းဝင်ရောက်နိုင်ကြောင်း သိရသည်။

(၀၄၅)

*-*-*-*-*-*-*

## Generation Alpha ပန်းချီပြပွဲ ကျင်းပ

**မန္တလေး ဩဂုတ် ၁၀**

Generation Alpha သုံးကြိမ်မြောက်ပန်းချီပြပွဲကို ဩဂုတ် ၁၀ ရက်မှ ၁၁ရက်အထိ နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ မန္တလေးတောင်ခြေ၊ခြသေ့ကြီးနှစ်ကောင်ရှေ့ရှိ Mandalay Hill Art Gallery ၌ ကျင်းပသည်။

ပန်းချီပြပွဲကို မျိုးဆက်သစ်လူငယ်ပန်းချီဆရာ ၃၃ ဦး၏ ပန်းချီကား ၁၃၀ ကျော်ပြသထားသည်။ ပန်းချီကားများမှာ ရေဆေး၊ ခဲအမျိုးအစားများဖြစ်ပြီး ကလေးငယ်များ၏ စိတ်ကူးအတိုင်း ရေးဆွဲထားသော ပန်းချီကားများကို တွေ့မြင်ရသည်။

အဆိုပါမျိုးဆက်သစ်လူငယ်များ၏ ပန်းချီဆရာမှာ ပန်းချီဆရာမ ဒေါ်သန္တာအောင်ဖြစ်သည်။ နွေရာသီကျောင်းပိတ်ရက်များတွင် ဆရာမသန္တာအောင်က ပန်းချီသင်တန်းဖွင့်၍ ပန်းချီပညာသင်ကြားပေးပြီး နှစ်စဉ်ကလေးများအတွက် ပန်းချီပြပွဲများ ပြသပေးကြောင်း သိရသည်။

(ယာပုံ)

(၀၉၁)

*-*-*-*-*



# မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာနနှင့် ခရိုင်၊ မြို့နယ်များ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ၊ ထူးချွန်ဆုရသူအား ဆုချီးမြှင့်

**မန္တလေး ဩဂုတ် ၁၀**

မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာနနှင့် ခရိုင်၊ မြို့နယ် မီးသတ်ဦးစီးဌာနမှူးများလုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို ဩဂုတ် ၉ရက် နံနက် ၉နာရီက မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ်၊ ၈၁လမ်းနှင့် ၂၉လမ်းထောင့်ရှိ မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာန၊ ဗဟိုမီးသတ်စခန်းအစည်းအဝေးခန်းမတွင် Zoom Meeting ဖြင့် ကျင်းပသည်။ **(အောက်ပုံ)**



အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဇော်ဝင်းထွန်း၊ ဒုတိယတိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးဌေးဝင်း၊ ခရိုင်မီးသတ်ဦးစီးမှူးများနှင့် မြို့နယ်မီးသတ်ဦးစီးမှူးများ၊ အင်ဂျင်နီယာအဖွဲ့များ တက်ရောက်ကြသည်။ အခမ်းအနားတွင် တိုင်းဒေသကြီး မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးက အဖွင့်အမှာစကားပြောကြားပြီး ဒုတိယတိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူးက ဦး၊ ရေး၊ ထောက်နှင့် ငွေစာရင်းဆိုင်ရာများကို ပြောကြားပြီး တက်ရောက်လာသော ခရိုင်နှင့် မြို့နယ်မီးသတ်ဦးစီးမှူးများ၊ အင်ဂျင်နီယာအဖွဲ့များ၏ တင်ပြချက်များကို တိုင်းဒေသကြီး မီးသတ်ဦးစီးမှူးက ပေါင်းစပ်ဆောင်ရွက်ပေးခဲ့သည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးမှူးရုံးသို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်သည့် လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ကျော်ကျော်က မိတ်ဆက်စကားပြောကြားခြင်းနှင့် တိုင်းဒေသကြီး မီးသတ်ဦးစီးမှူးက မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဌာနချုပ်၊ လေ့ကျင့်ရေးဌာနစုတွင် ဖွင့်လှစ်ခဲ့သည့် အဆင့်မြင့်ရှာဖွေကယ်ဆယ်ရေးသင်တန်းတွင် တတိယဆုရရှိခဲ့သည့် သပိတ်ကျင်း မြို့နယ် မီးသတ်စခန်းမှ လက်ထောက်မီးသတ်ဦးစီးမှူး ဦးဟိန်းထက်ဇော်အား ဆုချီးမြှင့်ခဲ့ကြောင်း သိရသည်။

**(၀၄၅)**

*-*-*-*-*



# ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲ ကျင်းပ

**မကွေး ဩဂုတ် ၁၀**

မကွေးတိုင်းဒေသကြီး၊ မကွေးမြို့ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာနမှ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာအသိပညာပေး ဟောပြောပွဲကို ယမန်နေ့ နံနက်ပိုင်းက နည်းပညာတက္ကသိုလ် (မကွေး)၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ နည်းပညာတက္ကသိုလ်(မကွေး) ဒုတိယပါမောက္ခချုပ် ဒေါက်တာတင်ဆန်းက အဖွင့်အမှာစကားပြောကြားပြီးနောက် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မြတ်နှီးဝေက အမျိုးသမီးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ အမှိုက်အမျိုးအစားလေးမျိုး ခွဲခြားစွန့်ပစ်ခြင်း အကြောင်းအရာတို့အားလည်းကောင်း၊ ဦးစီးအရာရှိ ဒေါ်ချိုချိုက တောမီးလောင်ကျွမ်းခြင်းနှင့် အကြောင်းအမျိုးမျိုးကြောင့် လောင်ကျွမ်းသည့်မီးတို့မှ ဖြစ်ပေါ်လာသည့် မီးခိုးမြူငွေ့ညစ်ညမ်းမှု လျှော့ချရေးဆိုင်ရာ သိကောင်းစရာများအား ရှင်းလင်းပြောကြားကြသည်။

ထို့နောက် မမြင်နိုင်သော လူသတ်သမားအန္တရာယ် PM 2.5 Video Clip ကို ပြသခြင်း၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများအား လက်ကမ်းစာစောင်များဖြန့်ဝေခြင်း၊ ကျောင်းသား၊ ကျောင်းသူများမှ အမှိုက်အမျိုးအစားလေးမျိုးအား လက်တွေ့ခွဲခြားစွန့်ပစ်ခြင်းတို့အား သရုပ်ပြပြီးနောက် ကျောင်းသို့ Recycle Bag များ ပေးအပ်ခဲ့သည်။ အဆိုပါ အသိပညာပေးဟောပြောပွဲသို့ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

**မောင်နိုင်မင်း(မြန်/ဆက်)**

# အမျိုးသမီးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**ဇေယျာသီရိ ဩဂုတ် ၁၀**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဇေယျာသီရိမြို့နယ် အမျိုးသမီးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဩဂုတ် ၈ ရက် နံနက်ပိုင်းက အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ဒုတိယ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနေမျိုးအောင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်အမျိုးသမီးရေးရာ ကော်မတီ အတွင်းရေးမှူး နေပြည်တော် လူမှုဝန်ထမ်းဦးစီးမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်သန္တာအေးက လုပ်ငန်းဆောင်ရွက်ချက်များ၊ လူမှုဝန်ထမ်းဦးစီးဌာန၏ လုပ်ငန်းတာဝန်များ၊ အမျိုးသမီးများ ကာကွယ်စောင့်ရှောက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ၊ ပြည်သူမှတင်ပြလာသည့် တိုင်စာများ ဆောင်ရွက်ခြင်းနှင့် ဆက်လက်ဆောင်ရွက်မည့် ရှေ့လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြသည်။ ထို့နောက် တက်ရောက်လာသည့် ကော်မတီဝင်များက သိရှိလိုသည်များ မေးမြန်းဆွေးနွေးကြသည်။**(အောက်ဝဲပုံ)**



ဆက်လက်၍ အစည်းအဝေးအပြီးတွင် နေပြည်တော် လူမှုဝန်ထမ်းရုံးမှ လက်ထောက်ညွှန်ကြားရေးမှူးက အမျိုးသား၊ အမျိုးသမီးရေးရာ အလေးပေးသောလုပ်ငန်းစဉ်များ မြှင့်တင်ရန် Gender, CEDAW, NSPAW နှင့် UNSCR 1325 အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

**မြို့နယ်(မြန်/ဆက်)**

# ကျေးလက်လမ်းလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**စဉ့်ကိုင် ဩဂုတ် ၁၀**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာနမှ ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝ ပိုမိုအဆင်ပြေစေရန်အတွက် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွင်း တိုင်းဒေသကြီး ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသည့် ကျေးလက်လမ်းလုပ်ငန်းများအား ယမန်နေ့ မွန်းလွဲပိုင်းက မန္တလေးတိုင်းဒေသကြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး (မြို့ပြ) ဦးကျော်ဇေယျဝင်းနှင့် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခဲ့သည်။



ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မန္တလေးတိုင်းဒေသကြီး၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး(မြို့ပြ)၊ ကျောက်ဆည်ခရိုင် လက်ထောက်ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက ကင်းလပ်-မြောက်တောကြီး-တအုံကျေးရွာချင်း ချိတ်ဆက်လမ်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းနှင့် ညောင်ပင်ကြီး-ထန်းသုံးပင်-ကင်းလပ် ကျေးရွာချင်းချိတ်ဆက်လမ်း ကတ္တရာလမ်းခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုများအား စစ်ဆေးကာ လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။ **(ဝဲပုံ)**

**ကျော်စွာ(စဉ့်ကိုင်)**

**သန့်ရှင်းသာယာ မန္တလာ ဝိုင်းဝန်းထိန်းသိမ်းပါ။**

# ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးဟောပြောပွဲနှင့် စာအုပ်၊ စာစောင်၊ နံရံကပ်စာစောင်ပြသ

**ကန့်ဘလူ ဩဂုတ် ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူမြို့၊ ရဲမာန်ကိုယ်ပိုင် အထက်တန်းကျောင်း၌ ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးဟောပြောပွဲနှင့် စာအုပ်၊ စာစောင်၊ နံရံကပ်စာစောင်ပြပွဲကို ဩဂုတ် ၈ ရက် မွန်းလွဲ ၂ နာရီက ကျင်းပသည်။

ဟောပြောပွဲတွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်နန်းမြင့်က ကလေးအလုပ်သမားဆိုင်ရာ အချက်အလက်များ၊ ကလေးအလုပ်သမားဖြစ်ရခြင်း အကြောင်းရင်းများ၊ ဥပဒေပါ ကလေးအလုပ်သမားဆိုင်ရာ အသက်ကန့်သတ်ချက်များ၊ ကလေးအလုပ်သမားပပျောက်ရေးအတွက် ပညာရေးနှင့် အသက်မွေးဝမ်းကျောင်းပညာအခွင့်အလမ်းများ ဖန်တီးပေးခြင်း၊ နွမ်းပါးသည့်မိသားစုများအတွက် ပိုမိုကောင်းမွန်သည့် လူမှုစီးပွားဘဝရရှိစေရန် ဖန်တီးပေးခြင်းတို့ကို ဆောင်ရွက်ပေးခြင်းဖြင့် ကလေးအလုပ်သမားများ လျှော့ချနိုင်မည်ဖြစ်ကြောင်း ဆွေးနွေး ဟောပြောသည်။



ဆက်လက်၍ ဆက်သွယ်ရေး လိမ်လည်မှုသဘောတရားများကို ကျောင်းသား၊ ကျောင်းသူများ သိရှိပြီး ကြိုတင်ကာကွယ်နိုင်ရန်အတွက် ဆက်သွယ်ရေးလိမ်လည်မှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးဗီဒီယို နှစ်ပိုင်းအား ပြသခဲ့သည်။

ထို့နောက် တက်ရောက်လာသော ကျောင်းသား၊ ကျောင်းသူများက ခင်းကျင်းပြသထားသည့် အသိပညာပေး စာအုပ်စာစောင်များနှင့် ကလေးအလုပ်သမားဆိုင်ရာ အသိပညာပေး နံရံကပ်စာစောင်များကို စိတ်ပါဝင်စားစွာ ဖတ်ရှုလေ့လာခဲ့ကြကြောင်း သိရသည်။

**(ဝဲပုံ)**

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

### ဝတ္ထုတိုကဏ္ဍ

# အပြုံအစိမ်း၏ လုံခြုံခြင်း

စောချိုသာ



မန္တလေးနှင့် စစ်ကိုင်းသည် အမှန်တကယ်ပင်ဝေးကွာခြင်းမရှိလှသော မြို့နှစ်မြို့ဖြစ်ပါသည်။ သို့သော် မိုင်တစ်ရာခန့်ဝေးသည်ဟုပင် ထင်မှတ်ရလောက်အောင် စိတ်ထဲဝယ် မှတ်ယူထင်မြင်ခဲ့မိသော နေ့တစ်နေ့ကို ကြုံခဲ့ရဖူးပါသည်။

‘အေးမွန်ရေဖုန်းလာနေတယ်ဟေ့’။ ရွာတွင် ဖုန်းဝန်ဆောင်မှုဖြင့် စီးပွားရှာသောအစ်မဝမ်းကွဲ၏ အသံကို ကြားလိုက်ရသည်။ တတ်နိုင်၍ ဝယ်ယူထားသည်ပြောပြော၊ စီးပွားရေး လာဘ်မြင်သည်ပြောပြော ရွာသူ၊ ရွာသားများအတွက် အလွန်အဆင်ပြေလှသည်။ သူ့ဖုန်းနံပါတ်ကလေးကို ကိုယ့်အသိမိတ်ဆွေအား ပေးထားလိုက်ပါက ဖုန်းလာလျှင် လိုက်လံခေါ်ပေးသည်။ ဝေးလျှင် ခင်ပွန်းဖြစ်သူက စက်ဘီးနှင့်သွားပြောကာ အပြန်တွင် ကာယကံရှင်အား စက်ဘီးနှင့် တင်ခေါ်လာလိုက်သေးသည်။ ဤသည်အထိ ဝန်ဆောင်မှုက ကောင်းလှသည်။ စေတနာကောင်းသည်လည်း ပါပါသည်ဟု ဆိုရပေမည်။ ဖောက်သည်၏ ကိစ္စအဝဝကို မညည်းမညူပြုရှာသည်။ အတန်အသင့်အခကြေးငွေကိုဖြင့် ပေးရသည်။ အကြွေးလည်းမှတ်ပေးသဖြင့် အဆင်ပြေလှသည်။ ‘အမရေ ဘယ်ကတဲ့လဲ’။ ‘ညည်းတို့ကျောင်းက ဆရာမတဲ့အေ’။ ‘ငါးမိနစ်လောက်စောင့်ပြီး ပြန်ခေါ်ဖို့ပြောထားတယ်အေ့’။ ‘အဲတော်ဘာများပါလိမ့် မထိတ်သာမလန့်သာ အမရေ’။

သူနှင့်အတူလိုက်ပါသွားပြီးနောက် ဖုန်းပြန်ဝင်လာသည်တွင် ကျောင်းမှလုပ်ဖော်ကိုင်ဖက် အစ်မတစ်ဦး၏အသံကို ကြားလိုက်ရသည်။ ပညာတန်ဆောင်နှင့် ဧရာဝဏ်မှ ကြီးမှူးကျင်းပသော ‘မြန်မာစာအရေးအသားစွမ်းရည်မြှင့်တင်ရေး ဧရာဝဏ် ဆောင်းပါးပြိုင်ပွဲ’ကို လာရောက်ယှဉ်ပြိုင်ရန် အကြောင်းကြားခြင်း ဖြစ်သည်။ အမျိုးသားဓာတ်ရှင်ဖြစ်သော ‘ကျောက်တာရွာ’ကို ရောက်ရှိနေသောကြောင့် အဆင်မပြေလောက်ဘူးထင်တယ် ဆရာမဟုပြောသော်လည်း နေ့လယ်တွင် ဖြေဆိုရန်နှင့် ပညာရေးမှူးက လာရောက်ဆက်ဆက်ယှဉ်ပြိုင်ပါရန် အကြိမ်ကြိမ် ပြောရှာသည်။ ဤသို့ဖြင့် ဟုတ်ကဲ့နှင့်သာ အဆုံးသတ်လိုက်ရလေသည်။ ကျွန်မအမျိုးသား၏ ဇာတိဖြစ်သော ‘ကျောက်တာရွာ’သည် စစ်ကိုင်းတောင်တက်လမ်း သွားရာလမ်းမှ တောင်ပေါ်လမ်းသို့ တက်မသွားဘဲ ပတ္တမြားစေတီဘက်သို့ ဆက်လက်သွားရသောလမ်းအတိုင်း ဆယ်မိုင်ခန့်သွားရသည်။ သည်အချိန်ဈေးဝယ်ကားများလည်း မရှိတော့။ ‘အစ်ကိုကြီးရေ ညီမလေးကို မန္တလေးပြန်ပို့ပေးဦး ဆောင်းပါးပြိုင်ပွဲရှိလို့ပါ’။ သို့သော်အဆင်မပြေရှာပါ။အသွားမကျန်းမာလို့ လာရောက်ပြုစုနေရသဖြင့် တစ်ကြောင်း၊ အစ်ကိုကြီးမှာ အသွား၏ အသည်းစွဲဖြစ်နေသည်ကတစ်ကြောင်းတို့ကြောင့် ကျွန်မ၏ခင်ပွန်းခင်မျာ စိတ်သွားတိုင်းကိုယ်မပါနိုင်။ ‘မောင်လေးရေ အစ်မကို လိုက်ပို့ဦးနော်’။ အစ်ကိုကြီး၏ ညီဖြစ်သူ မတ်တော်မောင်ကို အကူအညီတောင်းရတော့သည်။ ပြောရင်းပင် ‘ကျောက်တာ’မှ ‘စစ်ကိုင်း’၊ ‘စစ်ကိုင်းမှ ‘မန္တလေး’ ခရီးအတွက် စိတ်မှန်းနှင့်သွားကြည့်ပါသည်။ ‘ကျောက်တာ’နှင့် ‘စစ်ကိုင်းလမ်းမှာ တာသစ်ဖို့ထားသည်မှာ မကြာသေးသဖြင့် ပြေပြစ်မှုမရှိသည်သာမက မနက်စောစောက ရွာထားသည့်မိုးကြောင့် အတော်စိတ်ပျက်မိသည်။ ‘သွားဖို့ အဆင်မချောဘူး ထင်ရင်လည်း မသွားပါနဲ့ညီမရယ်’။ လင်သားဖြစ်သူ၏ စိုးရိမ်ပူပန်မှုအတွက် ကျေနပ်မိသော်လည်း ရင်ထဲမှ စာပေပိုးကိုဖြင့် မနိုင်ရှာ။ မျှော်လင့်ထားသောပြိုင်ပွဲအတွက် အားခဲကာ ရှာဖွေဖတ်မှတ်ထားသော ဝမ်းစာသိုမှီးခဲ့သည်များကိုလည်း အချည်းနှီးမဖြစ်စေလို။ ကဲပါလေ အချိန်မဆိုင်းဘဲ သွားလိုက်တာကောင်းပါတယ်ဟု ဆုံးဖြတ်ရင်း မတ်ကလေးနှင့်အိမ်ရှေ့ထွက်ရှိသေး ကိုရွှေမိုးက တစ်ကျော့သွန်တော့သည်။ ယောက်ျားစီးဘီးကြီးဖြစ်သော်လည်း မိုးနှင့်လေနှင့်မို့ အတော်ခဲခဲယဉ်းယဉ်းဖြစ်နေပါသည်။ ယခုနှစ်မှ မိုးနှောင်းက ကောင်းနေသည်မှာလည်း အံ့စရာပင်။ ရှေ့မှနင်းနေသော မတ်ကလေးကို အားနာလှသော်လည်း မတတ်နိုင်။ သူနာနာနင်းမှ ခရီးရောက်မှာမို့ တစ်ခါတစ်ခါ အသက်ကိုပင် အောင့်၍ လိုက်မိလေသလား မဆိုနိုင်။ သို့သော် ကံကမကောင်းဘူးဆိုရလေမလား။ ရွာထားသောမိုးရေ၏အရှိန်အဝါကြောင့် ရွှံ့ဗွက်တို့က နှိပ်စက်ကြသည်။ လူးလဲ လူးလဲဖြစ်လိုက်။ ပြန်တည့်သွားလိုက်နှင့် ခရီးကဖြင့် မတွင်ရှာ။ ကိုယ်ရွာကထွက်သည့်အချိန်နှင့် မန္တလေးကို ရောက်ရမည့်အချိန်ကို စိတ်မှန်းဖြင့် တွက်ကြည့်ရာ သိပ်မဟုတ်ချင်လှ။ သို့သော် မတတ်နိုင်။ စစ်ကိုင်းရောက်ပါက လိုင်းကားကို မြန်မြန်သွက်သွက်ထွက်ခွာ၍ အချိန်မီရောက်ရန် ဆုတောင်းရဦးမည်။ ဖွင့်ထားသောထီးက မိုးကြီးသဖြင့် အပေါ်ပိုင်းမျှသာ လုံခြုံဖို့တာဝန်ယူတော့သည်။ ထိုစဉ် ကံကောင်းသည်လော ကံမြင့်သည်လော မပြောနိုင် နောက်နားတစ်ဖာလုံလောက်ဆီမှ ကားတစ်စင်း၏ အသံကိုကြားလိုက်ရသည်။ ဤလမ်း၌ ခရီး၏သဘာဝ အစဉ်အလာအရ ကားများသွားလာခြင်းမှာ အလွန်ရှားလှသည်။ ကိုယ်ပိုင်ကားများလာသော်လည်း အင်မတန်ဖြစ်ခဲသည်။ ကားစီးနိုင်လောက်သည့် ကြွယ်ဝချမ်းသာသောသူ လက်ချိုးရေတွက်၍ ရနိုင်သကဲ့သို့ ကြားရသော ကား၏ အသံမှာလည်းကုန်တင်ကား၏ အသံ။ ‘ဟဲ့မောင်လေး ကားသံကြားလား’။ ဟောဟဲတိုက်နေသောအသံဖြင့် ကြားတယ်အမ။ ‘မောင်လေးရေ အကူအညီတောင်းလို့ရရင် အစ်မအကူအညီတောင်းကြည့်ရအောင်။ မောသံဖြင့် အစ်မပြောကြည့်လေ။ အကူအညီလေးတော့ ရလောက်ပါတယ်။ ‘ရေခါး’ဘက်က အစိုးရကားတွေ ရုံဖန်ရံခါလာတတ်တယ်။ အဲ့ဒီကားတွေကတော့ ဝန်ထမ်းချင်းမို့ ရှည်ရှည်ဝေးဝေးပြောစရာကို မလိုတာ။ မတ်တော်မောင်မှာ ဘာမပြောညာမပြောအရိပ်ကောင်းသော အပင်ရိပ်တစ်ခုတွင် စက်ဘီးကို ရပ်လိုက်တော့သည်။ ကိုယ်ကလည်း အလိုက်သင့်ခုန်ဆင်းလိုက်ရသည်။ ကျွန်မအမျိုးသားရွာဖြစ်သော ‘ကျောက်တာ’၏မြောက်ဘက်တွင် ‘ရေခါး’ရွာရှိသည်။ ‘ရေခါး’ရွာသည်နှယ်နှယ်ရရမဟုတ် စပီရူလိုင်းနားဟုခေါ်သော အားဆေးကို ထုတ်လုပ်သည့် စိမ်းပြာရေညှိထွက်ရှိသောရွာ ဖြစ်သည်။ မြန်မာနိုင်ငံဆေးဝါးလုပ်ငန်းမှ ကြီးမှူး၍ ဆေးဝါးထုတ်လုပ်ရန် တာဝန်ယူထားသဖြင့် နိုင်ငံပိုင်ကုန်ကားများ ရုံဖန်ရံခါသွားတတ်သည်။ ယခုလာနေသောကုန်ကား၏အသံသည် ထိုကားများထဲမှ တစ်စီးစီး၏အသံပေလော။ (၂၈-၃-၂၀၂၅)ရက်တွင် လှုပ်ခတ်ခဲ့သော မန္တလေးငလျင်ကြီးသည် ရေခါးရွာကို ဗဟိုပြု၍ လှုပ်ခတ်ခဲ့သည်ဟု သိရှိရပါသည်။)

ဖြည်းဖြည်းမှန်မှန်မောင်းလာသဖြင့် ကားကိုမြင်နေရသော်လည်း တော်တော်နှင့်ရောက်မလာခဲ့။ မိမိအနီးရောက်လာမှပင် စိတ်မောခြင်းတစ်ဝက်၊ စိုးရိမ်ခြင်းတစ်ဝက်ဖြင့် မျက်နှာကိုမော့ကာ အကူအညီလိုသောမျက်နှာထားဖြင့် လက်ကိုလှုပ်ရမ်းလျက်။ ‘ကားဆရာရပ်ပါဦးရှင့် မန္တလေး လိုက်ပါရစေရှင့် ရုံးကိစ္စလေးရှိလို့ပါရှင့်’ဟု ဆိုကာ ခုန်ပေါက် ခုန်ပေါက်မဖြစ်ရုံတမယ် တားတော့သည်။ မတ်တော်မောင်မှာကား တောသားပီပီ လမ်းမထက်ကားကားကြီးရပ်ကာ တားလေတော့သည်။ စေတနာရှိ၍လား လူဝင်တိုးလျှင် ရှင်းရလင်းရမှာစိုးရိမ်၍ ရပ်သည်လား မဆိုနိုင်။ ရပ်လေတော့သည်။ ကားမှာရပ်သွားပြီမို့ ကိုယ့်အရှိန်ကိုသတ်လျက် ‘မန္တလေးရောက်မယ်ဆိုရင် လိုက်ပါရစေရှင့်။ ကားစက်သံဖြင့်ရောလျက် ‘မန္တလေးဘယ်နားလဲဆရာမ’။ ကားဆရာ၏ ‘ဆရာမ’ဟူသောအသံကို ကြားမိလေမှ ကိုယ့်ယူနီဖောင်းကို ပြန်သတိပြုမိလိုက်သည်။ ယူနီဖောင်းဝတ်လာမိသည်မှာ ကံကောင်းလေခြင်း။ ‘ချမ်းအေးသာစံမြို့နယ်ပညာရေးရုံးအထိပါရှင့်’။ ‘ရတယ်ရတယ်တက်ပါခင်ဗျ။ ကျွန်တော်က ဆေးဂိုထောင်ဆိုတော့ ၆၂ လမ်းအင်း..လမ်း(၃၀)ဘက် ပတ်ဝင်လိုက်ရင်ရပါတယ်’။

ကားခေါင်းခန်းတံခါးဖွင့်ပေးလိုက်စဉ် ဆွဲခြင်းကိုအရင်တင်၍ ထီးကို စောင်းလျက်ပိတ်ကာ လူကနောက်မှ တက်လိုက်သည်။ ထို့နောက် မတ်ကလေးကို နှုတ်ဆက်လိုက်သည်။ တစ်အောင့်မျှအထင်။ ပြန်ချင်စောကြောင့် ထင့်။ မတ်ကလေး၏ကျောကိုသာ ဘက်မှန်ထဲမှ မြင်လိုက်ရတော့သည်။ ကျေးဇူးတင်လိုက်တာ ကားဆရာကြီးရယ်။ ပြောပြီးနောက် ကြည့်လိုက်တော့မှ လူရွယ်လူလတ်ပိုင်းမျှသာရှိသေးကြောင်း သိရသည်။ အားနာသွားမိပါသည်။ လမ်းတစ်လျှောက် မိုးကကောင်းဆဲ။ အမလေး ကံကောင်း၍ကားကြုံရသည်ကို ကျေနပ်မိသည်။ ကားဆရာကိုလည်း စိတ်ထဲမှ အကြိမ်ကြိမ်မေတ္တာပို့မိပါသည်။ ကားပေါ်ရောက်မှ ကိုယ့်ကိုယ်ကိုယ် သတိထားမိကာ မိမိ၏ခန္ဓာကိုယ်အောက်ပိုင်းသည် မိုးရေစိုနေသဖြင့် ကိုယ်လုံးပေါ်ရုပ်ကြွဖြစ်နေလေတော့သည်။ အမလေး ရှက်လိုက်တာ။ ကားဆရာကတော့ဖြင့် သတိထားမိသည်၊ မထားမိသည် မသိ ကျွန်မမှာဖြင့် ကိုယ့်ဒုက္ခနှင့်ကိုယ် ဖြစ်ချေတော့၏။ အတော်လေးကြာမှ သတိထားမိသည်မှာ ချမ်းလိုက်သည်ဖြစ်ခြင်း။ အိုင်္ခနဲ့မှားပြီထင်ရဲ့။ ရှေ့တူရူကိုကြည့်လျက်သာ စိတ်ကို ကားလမ်းမပေါ်သို့ စေစားခြင်းပြုနေရတော့၏။ သည်ပုံစံနဲ့ဆိုရင်ဖြင့် ဆောင်းပါးပြိုင်ပွဲမပြိုင်ရဘဲ ဖျားမည့်ကိန်း။ ရှေ့အာရုံစိုက်လျက် မောင်းနေရာမှ ‘ဆရာမခြေရင်းကဆွဲခြင်းထဲမှာ ရေနွေးဓာတ်ဘူးရှိတယ်။ကိုယ့်ဘာသာ ငှဲ့သောက်တော့ ဆရာမရေ။ ကျွန်တော် လက်မအားလို့ပါ။ အားမနာနဲ့ ဆရာမ။ ဆရာမအတော်ချမ်းနေပုံရတယ်။ထိုင်ခုံနောက်က ကျွန်တော့ဂျာကင်ရှိတယ် ယူဝတ်ထား။ မတော်ဖျားနိုင်တယ်။ သူကတော့ စေတနာနှင့် ရိုးရိုးသားသား ပြောဟန်ရှိသော်လည်း ကိုယ်ကအတွေးချော်မိပါသည်။ သူကတော့ ဓာတ်ဘူးထဲက ရေနွေးယူသောက်ပါလို့ဆိုပါရဲ့ ရုပ်ရှင်တွေထဲကလို ဆေးတွေဘာတွေ ခတ်ထားရင် ဒုက္ခ။ မတတ်နိုင်ပါ ချမ်းသည့်ဒဏ်အားမခံနိုင်သည့်အဆုံး ဓာတ်ဘူးကို ကတုန်ကယင်နှင့် မ,ငှဲ့၍ သောက်လိုက်မှ အနွေးဓာတ်ရလာတော့သည်။ ‘ဆရာမ ကျွန်တော့်အနွေးထည် ယူဝတ်ထား ဖျားလိမ့်မယ်’။ ခုမှ တွေ့ရသူ လူတစ်ယောက်အား လောကွတ်ကောင်းနေခြင်းမှာ ကျွန်မအပေါ်ကို ရိုးမှ ရိုးသားရဲ့လား။ မတတ်နိုင်ပါ။ကူညီသူမှ စေတနာအပြည့်နှင့် ရက်ရောခြင်းကို ကြောက်ကြောက်နှင့်ပင် လက်ခံလိုက်ရသည်။

(ဆက်လက်ဖော်ပြပါမည်)

## စာအုပ်၊ စာစောင်ပြပွဲ ကွင်းဆင်းဆောင်ရွက်

**တောင်တွင်းကြီး ဩဂုတ် ၁၀**

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ စာအုပ်၊ စာစောင်ပြပွဲကို ယနေ့နံနက် ၁၀ နာရီက အခြေခံပညာ အထက်တန်းကျောင်းခွဲ (အ·လ·က-၃)သို့ သွားရောက်၍ ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

အဆိုပါ စာအုပ်၊ စာစောင်ပြပွဲအား ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်အေးမိုးမိုးမြင့်နှင့် ဝန်ထမ်းများက တောင်တွင်းကြီးမြို့နယ်အတွင်းရှိ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ ရပ်ကွက်နေ ဒေသခံပြည်သူများ၊ ကျောင်းသား၊ ကျောင်းသူများအား မြို့နယ်ပြည်သူ့စာကြည့်တိုက်နှင့် ရင်းနှီးကျွမ်းဝင်မှုရှိစေရန်၊ ကျောင်းသား၊ ကျောင်းသူ ကလေးသူငယ်များအား စာပေဖတ်ရှုသည့် အလေ့အကျင့်ကောင်းများရရှိစေရန်၊ စာအုပ်၊ စာစောင်များမှတစ်ဆင့် အသိပညာများ တိုးပွားလာစေရန်၊ စာပေဗဟုသုတများ ကြွယ်ဝတိုးတက်လာစေရန် ရည်ရွယ်ပြီး ယခုလို စာအုပ်၊ စာစောင်ပြပွဲကို ကျင်းပရခြင်းဖြစ်ကြောင်း၊ အခက်အခဲ အမျိုးမျိုးကြောင့် မလာရောက်နိုင်သည့် စာပေချစ်မြတ်နိုးသူ ဝါသနာရှင်များနှင့် အလုပ်တာဝန်များဖြင့် မအားလပ်၍ မလာရောက်နိုင်သူများအတွက် Mobile Library စနစ်ဖြင့် စာဖတ်သူများလက်ဝယ်အရောက် စာအုပ်၊ စာစောင်များ ငှားရမ်းပေးလျက်ရှိသည်။ **(ဓာတ်ပုံ)**



စာအုပ်၊ စာစောင်ပြပွဲတွင် သုတ၊ ရသစာအုပ်များ၊ ရုပ်ပြစာစောင်များ၊ အသိပညာဗဟုသုတ ရရှိစေမည့် စာအုပ်များကို ခင်းကျင်းပြသ၍ ကျောင်းသား၊ ကျောင်းသူများနှင့် လူငယ်လူရွယ်များ ၁၀၀ ဦးခန့် စိတ်ဝင်တစား လေ့လာဖတ်ရှုခဲ့ကြောင်း သိရသည်။**နောင်နောင်(မိသားနီးမြေ)**

## ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အသိပညာပေး ဟောပြောပွဲနှင့် နံရံကပ်စာစောင်များ ပြသ

**ကံမ ဩဂုတ် ၁၀**

မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ ကံမမြို့နယ်၌ အခြေခံပညာဦးစီးဌာနနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနတို့ ပူးပေါင်း၍ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲနှင့် နံရံကပ်စာစောင်များပြသပွဲကို ယမန်နေ့ မွန်းလွဲ ၁ နာရီက အမှတ်(၄)အခြေခံပညာမူလတန်းကျောင်း၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်တင်မော်က အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သန်းသန်းဆင့်က ကလေးအလုပ်သမားများ၏ အသက်အရွယ်နှင့် အလုပ်ချိန် ကန့်သတ်ချက်၊ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေများ၊ အသက်အရွယ် အပိုင်းအခြားနှင့် ခံစားပိုင်ခွင့်များ၊ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ သိကောင်းစရာများနှင့် ကျောင်းစာအပြင် ဗဟုသုတရရှိနိုင်မည့် ပြင်ပစာပေများအား ဖတ်ရှုလေ့လာကြရန် အသိပညာပေး ဟောပြောခဲ့သည်။ **(အောက်ပုံ)**

ထို့နောက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများက ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အသိပညာပေး လက်ကမ်းစာစောင်များကို ကျောင်းသား၊ ကျောင်းသူများအား ဖြန့်ဝေပေးခဲ့ပြီး ပြသထားသည့် ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အသိပညာပေး နံရံကပ်စာစောင်များအား ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာခဲ့ကြကြောင်း သိရသည်။

**ဇော်ထက်(သရက်)**



## လူငယ်စကားဝိုင်း ကျင်းပ

**တန့်ယန်း ဩဂုတ် ၁၀**

ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းမြို့နယ်တွင် ကျောင်းသား၊ ကျောင်းသူ လူငယ်မောင်မယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်၍ အတွေ့အကြုံဗဟုသုတရရှိစေရန် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကာ လူငယ်စကားဝိုင်းဆွေးနွေးပွဲကို ဩဂုတ် ၇ ရက် နံနက်ပိုင်းက အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။ **(အောက်ပုံ)**

အဆိုပါ လူငယ်စကားဝိုင်းဆွေးနွေးပွဲတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယမြို့နယ်ဦးစီးမှူး ဦးစိုင်းထွန်းကျော်က လူငယ်စကားဝိုင်းဆွေးနွေးပွဲ ကျင်းပပေးရခြင်းအကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း Grade-11 မှ မောင်ဝင်းသူ၊ မောင်အောင်သိန်းဌေး၊ မောင်သက်နိုင်ဦး၊ မစုသန္တာကျော်၊ မအေးသန္တာမိုးတို့က "ကလေးသူငယ် အလုပ်သမားပပျောက်ရေး" ခေါင်းစဉ်ကို ဝိုင်းဝန်းဆွေးနွေး ပြောကြားကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



ဖတ်စရာ၊ မှတ်စရာ
စုံလင်
ပန္နက်လေး

### သားတို့ ဆရာမ

\- - - - - - - - -

* နေညိုဆည်းဆာ လေညင်းဖြာ
ကျောင်းရှေ့ အေးရိပ်သာ ။
သီချင်းကဗျာ ပုံပြောပြ
သားတို့ ဆရာမ ။
* ပြုံးစစနဲ့ ချစ်စဖွယ်
ဆိုပြ ကပြတယ် ။
ပြုံးရယ်ရွှင်လို့ ကကြိုးလှ
တပည့်တွေနဲ့က ။
* ပဲ့ပြင်ဆုံးမ စကားချို
စေတနာကပို ။
မကောင်းမှုကို ကာဆီးထား
ကောင်းရာ သင်ညွှန်ကြား ။
* မေတ္တာဆပွား ချစ်ကြင်နာ
ယုယနွေးထွေးစွာ ။
ပညာပန်းတွေ မြဲဝေငှ
သားတို့ချစ်တဲ့ ဆရာမ ။ ။

**ကျော်ချိုမြင့် (ကန့်ဘလူ)**

### အမြန်နှုန်းသတ်မှတ်ချက် လိုက်နာရန်

- မြို့နယ်နယ်နိမိတ်အတွင်း ၁ နာရီလျှင် ၃၀ မိုင် (၄၈)ကီလိုမီတာထက် ပို၍ မမောင်းရ။
- မြို့နယ်နယ်နိမိတ်ပြင်ပ၌ ၁ နာရီလျှင် ၅၀ မိုင် (၈၀)ကီလိုမီတာ ထက် ပို၍ မမောင်းရ။
- လမ်းညွှန်မှတ်တိုင်ဖြင့် ကန့်သတ်ထားသောနေရာများတွင် ကန့်သတ်အမြန်နှုန်းအတိုင်း မောင်းနှင်ရမည်။

**မန္တလေးတိုင်းဒေသကြီး ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ**





## ရာသက်ပန်ဆွမ်းပဒေသာပင်အတွက် အလှူငွေပေးအပ်

**မန္တလေး ဩဂုတ် ၁၀**

နိုင်ငံတော်သံဃမဟာနာယက အဖွဲ့၊ မန္တလေးတိုင်းဒေသကြီး ကျောင်းထိုင်ဘုန်းကြီးသင်တန်း ကျောင်းတွင် ယမန်နေ့ နံနက်က ရာသက်ပန်ဆွမ်းပဒေသာပင် အတွက် အလှူငွေပေးအပ်ပွဲ ကျင်းပသည်။

ရှေးဦးစွာ အလှူရှင်မိသားစုက ကျောင်းအုပ်ဆရာတော်အမှူး ပြုသော ကထိကဆရာတော်များ၊ သင်တန်းသားသံဃာတော်များ အား အရုဏ်ဆွမ်း ဆက်ကပ်သည်။

ထို့နောက် ကထိကဆရာ တော်ဘဒ္ဒန္တ ကဝိဓဇ အရှင်မြတ် ထံမှ ကောင်းမှုကုသိုလ်အစုစုတို့ အတွက် ရေစက်ချအနုမောဒနာ တရားနာယူကြည်ညိုကြပြီး မန္တလေးမြို့နေ အလှူရှင် ဦးတင် မောင်+ဒေါ်ရင်ရင်ဆွေ မိသားစုက ဒေါ်ရင်ရင်ဆွေ၏ မွေးနေ့မင်္ဂလာ အထိမ်းအမှတ်အဖြစ် ရာသက်ပန် ဆွမ်းပဒေသာပင်အတွက် အလှူ ငွေကျပ် သိန်း ၂၀ကို လှူဒါန်းရာ ဥပဋ္ဌာယကအဖွဲ့ တွဲဖက်အတွင်း ရေးမှူးဦးကျော်ဝင်း၊ အဖွဲ့ဝင်ဦးမြင့် စိန်တို့က လက်ခံရယူပြီး ဂုဏ်ပြု မှတ်တမ်းလွှာ ပြန်လည်ပေးအပ် ကြောင်း သိရသည်။

(အပေါ်ပုံ) PNT

## ကမ္မဋ္ဌာန်းကျောင်းဆောင် ရေစက်ချလှူဒါန်း

**မန္တလေး ဩဂုတ် ၁၀**

မန္တလေးတိုင်းဒေသကြီး၊ စဉ့်ကိုင်မြို့နယ်၊ ထန်းသုံးပင် ကျေးရွာရှိ အရိယဝံသ မိုးကုတ် ရိပ်သာအတွင်း၌ ဆောက်လုပ်ပြီး သော အသံလုံကမ္မဋ္ဌာန်းကျောင်း ဆောင် ရေစက်ချအခမ်းအနားကို ယနေ့ နံနက် ၉နာရီက အဆိုပါ ကျောင်းဆောင်၌ ကျင်းပသည်။

ရှေးဦးစွာ အလှူရှင်များဖြစ် ကြသော အမရပူရမြို့နယ်၊ ရှမ်း ကလေးကျွန်း စံပြကွက်သစ်နေ ဦးအေးထွန်း+ဒေါ်သန်းသန်းနွဲ့ (ပီတိကဖေး)(သား)ကိုထွန်းထွန်း ဇော် + မယုနန္ဒာမြင့်နှင့် ဧည့် ပရိသတ်တို့က အရိယဝံသ မိုးကုတ် ဝိပဿနာ မဂ္ဂင်ဓမ္မရိပ်သာကြီး ပဓာနနာယက ကမ္မဋ္ဌာနစရိယ ဆရာတော် ဘဒ္ဒန္တ မာနိတအရှင် သူမြတ်ထံမှ ငါးပါးသီလခံယူ ဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်များ ရွတ်ပွားသော ပရိတ်တရားတော်များကို နာယူ ကြည်ညိုကြပြီး အလှူရှင်များက သံဃာတော်များ ရွတ်ပွားသော ပရိတ်တရားတော်များကို နာယူ ကြည်ညိုကြပြီး ဆရာတော်၊ သံဃာတော်များအား ဝါဆို သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် အလှူရှင်များက မောင်ရွှေရာဘုန်းပြည့်သော်၏ (၁) နှစ်ပြည့် မွေးနေ့မင်္ဂလာအကြောင်း ပြု၍ ဆောက်လုပ်ပြီးသော ငွေ ကျပ် သိန်းလေးရာခန့်ကုန်ကျ သော အသံလုံကမ္မဋ္ဌာန်းကျောင်း ဆောင်နှင့်ပတ်သက်သည့် စာရွက် စာတမ်းများကို ရိပ်သာအဖွဲ့ဥက္ကဋ္ဌ ဦးမောင်ထွေး(နေဇွန်ဝမ်းစတား တာယာရောင်းဝယ်ရေး)က လက်ခံ ရယူပြီး အလှူရှင်များအား ဂုဏ်ပြု မှတ်တမ်းလွှာ ပြန်လည်ပေးအပ်ကြ သည်။ လှူဒါန်းမှုအစုစုတို့အတွက် ဆရာတော်ဘဒ္ဒန္တမာနိတအရှင်သူ မြတ်ထံမှ အနုမောဒနာတရား နာယူကြည်ညိုကြပြီး ရေစက် သွန်းချအမျှပေးဝေကြကာ ဆရာ တော်၊ သံဃာတော်များအား နေ့ ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် အလှူရှင်မိသားစု တို့က အခမ်းအနားသို့ ကြွရောက် ကြသော ဧည့်ပရိသတ်တို့အား နံနက်စာထမင်းနှင့် ဟင်းများအား ကုသိုလ်ယူကျွေးမွေးလှူဒါန်းကြ ကြောင်း သိရသည်။

(အောက်ပုံ)

(၀၅၃)

*-*-*-*-*-*



## ဘုံဆွမ်းလောင်းလှူ ကုသိုလ်ပြု

**မန္တလေး ဩဂုတ် ၁၀**

မန္တလေးမြို့တော်စည်ပင် သာယာရေးကော်မတီ၊ မဟာမြိုင် စည်ပင်ဝန်ထမ်းအိမ်ရာ၊ ၃၆လမ်း၊ ၆၈လမ်းနှင့် လမ်း ၇၀ကြားတွင် နေထိုင်သည့် ဝန်ထမ်းမိသားစု များမှ စုပေါင်း၍ အပတ်စဉ် (တနင်္ဂနွေနေ့)တွင် လေးပြင်လေး ရပ်မှ ကြွရောက်အလှူခံတော်မူ ကြသော ဆရာတော်၊ သံဃာ တော်များအား ဘုံဆွမ်းလောင်းလှူ ကုသိုလ်ပြုကြသည်။

ဘုံဆွမ်းလောင်းလှူရာတွင် ဝန်ထမ်းမိသားစုဝင်များက လေး ပြင်လေးရပ်မှ ကြွရောက်တော်မူ ကြသော ဆရာတော်၊ သံဃာတော် များအား ယနေ့ နံနက်ပိုင်းက (၁၂၇)ကြိမ်မြောက်အဖြစ် ဆွမ်း၊ ငါးကြင်းခြစ်ချက်၊ ပဲတီချဉ်သုပ် တို့ကို ၃၆လမ်းနှင့် ၆၉လမ်းထောင့် တွင်ပြင်ဆင်၍ ကြွရောက်လာ ကြသော ဆရာတော်၊ သံဃာ တော် ၂၀၀ ကျော်တို့အား နံနက် ၅နာရီခွဲမှ စတင်၍ လောင်းလှူ



ကြည်ညိုခဲ့ကြပြီး အပတ်စဉ် တနင်္ဂနွေနေ့တိုင်း ဆက်လက် လောင်းလှူကြမည်ဖြစ်၍ လေးပြင် လေးရပ်မှ ဆရာတော်၊ သံဃာ တော်များအား ကြွရောက်အလှူခံ နိုင်ပါရန် ပင့်ဖိတ်ထားကြောင်း သိရသည်။

(အပေါ်ပုံ)

(မန္တလေးနေ့စဉ်-၃)

## ပုဒ္ဓဘာသာ သာသနာပြန့်ပွားရေးအသင်းချုပ်မှ ဆန်အိတ်များ ပေးအပ်လှူဒါန်း

**မန္တလေး ဩဂုတ် ၁၀**

မန္တလေးမြို့၊ တောင်စလင်း တိုက်သစ် ဘာဝနာဌာန၊ ပဓာန နာယကဆရာတော် နယ်စပ်တောင် တန်းနှင့် ကမ်းရိုးတန်းဒေသ ဆရာ တော် ဘဒ္ဒန္တတိက္ခ အဘိဓဇအဂ္ဂ မဟာသဒ္ဓမ္မဇောတိက ဦးဆောင် သော ဗုဒ္ဓဘာသာ သာသနာပြန့် ပွားရေးအသင်းချုပ်ရုံး(မန္တလေး) ဥက္ကဋ္ဌ ဦးလှဝင်းနှင့်အဖွဲ့က စစ်ကိုင်း မြို့တောင်ခြေမဟာသန္တိသုခချောင်း တွင် သီတင်းသုံးလျက်ရှိသော သီလရှင် ဆရာတော်တို့အား ငလျင်ဘေးကာလတွင် ပေးအပ် လှူဒါန်းလျက်ရှိသော တစ်နိုင်တစ် ပိုင် ဆွမ်းဆန်အိတ်များကို ယမန် နေ့ နံနက်က ချောင်အလိုက် တစ် ပါးချင်း ၄ ပြည်အိတ်များဖြင့် လောင်းလှူခဲ့ကြသည်။

အဆိုပါအစီအစဉ်တွင် အသင်း ရုံးသို့ အာရုံ့သီတင်းသုံးနေသည့် ကရင်ပြည်နယ်၊ သံတောင်ခရိုင်၊ ဘောဂလိမြို့နယ်မှ ရှင်တေဇဝန္တ ဆရာတော်လည်း လိုက်ပါဆောင် ရွက်ခဲ့သည်။ဗုဒ္ဓဘာသာ သာသနာ ပြန့်ပွားရေးအသင်းရုံးအနေဖြင့် ယခုလှူဒါန်းမှုသည် တတိယ အကြိမ်မြောက် ဆန်အိတ်ပေါင်း ၁၀၀ လှူဒါန်းမှုဖြစ်ပြီး ဩဂုတ် ၂၀ ရက်တွင်လည်း ယခုလို အစီ အစဉ်အဖြစ် ဆက်လက်လှူဒါန်းမှု ပြုသွားမည်ဖြစ်ကြောင်း တာဝန် ရှိ သူထံမှ သိရသည်။ အလှူရှင် များအနေဖြင့် လှူဒါန်းကုသိုလ်ပြု လိုပါက ဝါဆိုဆန်(သို့)သဘာဝ ဘေးအတွက် ဆန်တစ်အိတ်လျှင် ငွေကျပ် တစ်သိန်းနှုန်းဖြင့် ဖုန်း ၀၉-၄၀၂၆၉၂၅၂၂၊ ၀၉-၉၇၅၇၆ ၄၃၂၃ တို့ကို ဆက်သွယ်လှူဒါန်း နိုင်ကြောင်း သိရသည်။

(အောက်ပုံ)

(ကဆ)

*-*-*-*

*-*-*-*-*-*



## ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်း

**မိုင်းယောင်း ဩဂုတ် ၁၀**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းယောင်းခရိုင် စီမံအုပ်ချုပ်ရေး အဖွဲ့မှကြီးမှူးကျင်းပသော စတုတ္ထအကြိမ်မြောက် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ယမန်နေ့ နံနက် ၉ နာရီက ထေရဝါဒဗုဒ္ဓ သာသနာပြု(ဗဟို)ကျောင်း၌ ခရိုင်/မြို့နယ် ဌာနဆိုင်ရာများ၊ အလှူ ရှင်များ စုပေါင်းလှူဒါန်းခဲ့ကြသည်။

အခမ်းအနားသို့ ဆရာတော် အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တဘဒ္ဒိယအမှူးပြုသော သံဃာတော်များ ကြွရောက်တော်မူကြ ပြီး ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးထွန်းထွန်း နိုင်နှင့် ခရိုင်/မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဝင်များ၊ ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းသန့်ဇင်မျိုးနှင့် ခရိုင်/မြို့နယ် အဆင့်ဌာနဆိုင်ရာမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက် ရောက်ကြကြောင်း သိရသည်။

**စိုင်းအောင်ဇော်လင်း**

## အရန်မီးသတ်စခန်းသို့ မီးသတ်ရေသယ်ယာဉ်လှူဒါန်း

**စစ်ကိုင်း ဩဂုတ် ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာခရိုင်၊ မုံရွာမြို့၊ စစ်ပင်ရပ် ကွက်ရှိ အရန်မီးသတ်စခန်းသို့ ဂါလန် ၁၆၀၀ ဆံ့ မီးသတ်ရေ သယ်ယာဉ်လှူဒါန်းခြင်း အခမ်း အနားကို ဩဂုတ် ၉ရက် နံနက် ၁၀ နာရီက အဆိုပါအရန်မီး သတ်စခန်းရုံးတွင် ကျင်းပသည်။



ရှေးဦးစွာ မုံရွာခရိုင်စီမံခန့် ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌက အဖွင့်အမှာစကားပြော ကြားကာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌက မီးသတ်ရေသယ်ယာဉ်လှူဒါန်းရခြင်း ၏ ရည်ရွယ်ချက်အား ရှင်းလင်း ပြောကြားခဲ့ပြီး မီးသတ်ရေသယ် ယာဉ်အား အန္တရာယ်ကင်းအမွှေး နံ့သာရည်များ ပက်ဖျန်းပေးခဲ့ကြ သည်။

အခမ်းအနားသို့ မုံရွာခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ် ရေးကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင် များ၊ မြို့နယ်မီးသတ်ဦးစီးအရာရှိ နှင့် တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ် ချုပ်ရေးအဖွဲ့နှင့် ဖိတ်ကြားထား သူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

(ဝဲပုံ)(၀၅၇)

*-*-*-*-*-*

တံတားနှင့် လမ်း၊ ဆေးခန်းနှင့် ကျောင်း၊
ဆည်မြောင်းနှင့် ကန် သစ်ပင်ရုံမှ
သဏ္ဌာန်လှုပ ပန်းရလိမ့်။

# မဟာမုနိရွှေထီးတော်ကြီး

ထိန်ထိန်လင်း

**(၅-၈-၂၀၂၅)ရက် စာမျက်နှာ(၆)မှ အဆက်-**

ထိုစဉ်က လေပြင်းမုန်တိုင်းဒဏ်ကြောင့် မဟာမုနိဂန္ဓကုဋိ ပြာသာဒ်တော် သတ္တမဘုံအထိ ပျက်စီးရာ ပြင်ဆင်မှုကုန်ကျငွေကျပ် ၁၀၀၀၀/- မ,တည်၍ လုပ်ဆောင်ရကြောင်း ပြာသာဒ်တော်ကြီးကိုလည်း ရွှေသင်္ကန်းမွမ်းမံဆက်ကပ်ကြောင်း လေ့လာသိရှိရပါသည်။ ဒုတိယအကြိမ် ရွှေထီးတော်တင်လှူပူဇော်ရန်အတွက် အရပ်ရပ် ပြင်ဆင်ဆောင်ရွက်ပြီးသောအခါ ငှက်မြတ်နားတော်၊ စိန်ဖူးတော်တို့အား နတ်ရထားတင်၍ ဗြဟ္မာကြီးများက ထီးဖြူတော်အစုံ အုပ်မိုးပြီး တူရိယာအစုံ တီးခတ်လျက် ညောင်ရွှေမြို့မှ မန္တလေးမြို့ မဟာမုနိရုပ်ရှင်တော်ဘုရားကြီး ထီးတော်ထားရှိရာ ရုံတော်သို့အရောက် ပင့်ဆောင်တော်မူခဲ့ကြပါသည်။

ဒုတိယအကြိမ် ရွှေထီးတော်၊ ငှက်မြတ်နားတော်၊ စိန်ဖူးတော် တင်လှူပွဲအား ကောဇာသက္ကရာဇ် ၁၂၈၀ ပြည့်နှစ် ဝါခေါင်လပြည့်ကျော် ၄ ရက် စနေနေ့ နံနက် ၉ နာရီ ၁၅ မိနစ်အချိန်တွင် အမြောက် ၃၁ ချက် ပစ်ဖောက်၍ အခမ်းအနားကြီးကျယ်စွာ ဆင်ယင် ကျင်းပပြီး တင်လှူပူဇော်ခဲ့ကြပါသည်။ မဟာသံဃာ့ရာဇာ တောင်ခွင်သာသနာပိုင် ဆရာတော်ကြီးနှင့်တကွ နောက်ပါသံဃာ အပါး ၆၀၀ တို့အား လှူဖွယ်အထူးထူးတို့ဖြင့် ရေစက်သွန်းချ လှူဒါန်းပူဇော်သည်ဟု မဟာမုနိဘုရားကြီးသမိုင်း၌ ဖော်ပြပါရှိပါသည်။ ယခုအခါ ဒုတိယရွှေထီးတော်ကြီးနှင့် ငှက်မြတ်နားတော်တို့အား ဘုရားကြီး ဓမ္မစကြာပြတိုက်တွင် အများပြည်သူ ဖူးမြော်လေ့လာနိုင်ရန် ပြသထားပါသည်။

**တတိယအကြိမ် ရွှေထီးတော်တင်လှူပူဇော်ခြင်း**

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအစိုးရ လက်ထက်တွင် တင်လှူပူဇော်ခြင်းဖြစ်ပါသည်။ ကောဇာသက္ကရာဇ် ၁၃၆၄ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၁ ရက်နေ့ (၆-၇-၂၀၀၂)တွင် တတိယအကြိမ် ရွှေထီးတော်သစ်ကြီး တင်လှူပူဇော်ခြင်း မဟာမင်္ဂလာအခမ်းအနားကို အောင်မြင်စွာ ကျင်းပပြုလုပ်နိုင်ခဲ့ကြပါသည်။ ကောဇာသက္ကရာဇ် ၁၂၈၀ ပြည့်နှစ်က တင်လှူခဲ့သော ဒုတိယရွှေထီးတော်ကြီးမှာ သက်တမ်းအားဖြင့် နှစ်ပေါင်း ၈၀ ကျော် ကြာမြင့်ခဲ့ပြီဖြစ်ရာ မိုးဒဏ်၊ လေဒဏ်၊ ရာသီဥတုဒဏ်တို့ကြောင့် ပျက်စီးယိုယွင်းမှုများ ရှိခဲ့သည်။ ထို့ကြောင့် ကောဇာသက္ကရာဇ် ၁၃၆၁ ခုနှစ် (အေဒီ-၂၀၀၀ ပြည့်နှစ် မတ်လ)တွင် ပျက်စီးယိုယွင်းမှုများအား အနီးကပ်လေ့လာမှတ်တမ်းတင်ခဲ့ကြပါသည်။ ထိုသို့ အနီးကပ်လေ့လာရာ၌ ထီးတော်ကြီး၏ ဘုံအဆင့်ဆင့်တွင် အနုလက်ရာများ ကျိုးပဲ့ပျက်စီးနေပြီး ပန်းလည်တိုင် ကွဲအက်မှုများရှိနေကြောင်း တွေ့ရှိရပါသည်။ ထို့ကြောင့် ဩဝါဒဆရာတော်ကြီးများထံမှ



လုပ်ငန်းစဉ် တစ်ဆင့်ချင်းအလိုက် ဩဝါဒခံယူပွဲများ ပြုလုပ်ခံယူပြီး ရွှေထီးတော်အသစ် ပြုလုပ်တင်လှူပူဇော်နိုင်ရေး ရှေးဟောင်းသုတေသနဦးစီးဌာနမှ တာဝန်ရှိသူများ၊ ရွှေပန်းတိမ်ပညာရှင်များ၊ သံနှင့်သံမဏိပညာရှင်များ၊ မြန်မာမှုဆိုင်ရာပညာရှင်များ၊ ဌာနဆိုင်ရာ အင်ဂျင်နီယာအဖွဲ့များနှင့် ညှိနှိုင်းပေါင်းစပ်၍ လုပ်ငန်းများ စတင်ခဲ့ပါသည်။

ထိုစဉ်က ဂေါပကအဖွဲ့ဥက္ကဋ္ဌမှာ ဒုတိယဗိုလ်မှူးကြီး မောင်ပု ဖြစ်ပါသည်။ (၁၇-၇-၂၀၀၀)ရက်နေ့တွင် သာသနာ့ဗေဓမ္မာစရိယ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ရေတော်ဆရာတော် ဦးပညာဝံသ၊ ဂေါပကဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ပညာရှင်များ ညှိနှိုင်းစည်းဝေးခဲ့ကြပါသည်။ ထိုအစည်းအဝေးမှ အသစ်တင်လှူမည့် ရွှေသားထီးတော်သစ်ကြီး၏ ပုံသဏ္ဌာန်အား ဆွေးနွေးအတည်ပြု ဆုံးဖြတ်ခဲ့ကြပါသည်။

တတိယအကြိမ် တင်လှူသည့် ရွှေသားထီးတော်သစ်ကြီးတွင် ဘုံကိုးဆင့်ပါရှိပြီး စတီးလ်ဖရိန်ဖြစ်ပါသည်။ မြတ်စွာဘုရားရှင်၏ ဂုဏ်တော်ကိုးပါးကို ရည်စူးကြည်ညိုသမှုပြု၍လည်းကောင်း၊ မဂ် လေးပါး၊ ဖိုလ် လေးပါး၊ နိဗ္ဗာန်တည်းဟူသော လောကုတ္တရာ ကိုးပါး တရားမြတ်ကို ရည်စူးကြည်ညိုသမှုပြု၍လည်းကောင်း ဘုံ ကိုးဆင့် ပြုလုပ်ပူဇော်ထားခြင်း ဖြစ်ပါသည်။ ထီးတော်ကြီး၏ အချင်းမှာ (၅)ပေ(၇)လက်မ



ရှိပြီး အမြင့်မှာ (၁၁)ပေ(၃)လက်မ ဖြစ်သည်။ ရွှေဖြင့် ပြုလုပ်ထားသော မြန်မာမှုအနုလက်ရာ အမွှမ်းပန်းပုံစံ ခုနစ်မျိုးပါရှိပြီး အရေအတွက်အားဖြင့် ၅၈၂ ခုပါရှိပါသည်။ အမွှမ်းပန်းပုံစံ ခုနစ်မျိုးမှာ စိန်မုခ်၊ မှန်ကင်း၊ ဗြဟ္မာ၊ ကြာခိုင်၊ မောင်းဖလား၊ ရေကြာတန်း၊ နတ်ရှိခိုး ရုပ်ပုံစံများဖြစ်ပြီး ဘုံအဆင့်အလိုက် အမွှမ်းပန်းအရွယ်အစားများ ခြားနားမှု ရှိပါသည်။ တတိယထီးတော်ကြီး၏ ပထမဘုံမှ နဝမဘုံအထိ ဆိုင်ရာအချက်အလက်များအား အောက်ပါအတိုင်း လေ့လာတွေ့ရှိရပါသည်-

(က)ပထမဘုံအဆင့်သည် အချင်း (၅)ပေ(၇)လက်မ၊ အမြင့် (၂)ပေ(၉)လက်မရှိပြီး စိန်မုခ် လေးခု၊ မှန်ကင်း လေးခု၊ ဗြဟ္မာရုပ် ၁၂ ခု၊ ကြာခိုင် ၁၆ ခု၊ မောင်းဖလား ၁၆ ခု၊ နတ်ရှိခိုး ၃၆ ခု၊ ရေကြာတန်း ၃၆ ခု၊ စုစုပေါင်း အမွှမ်းပန်း ၁၂၄ ခု ပါရှိသည်။ အမွှမ်းပန်းများ၏ ရွှေသားအလေးချိန်မှာ ၁၂၄၄ ကျပ် ၃ ပဲ ဖြစ်ပါသည်။

(ခ) ဒုတိယဘုံအဆင့်သည် အချင်း (၄)ပေ(၆)လက်မ၊ အမြင့် (၁)ပေ(၆)လက်မရှိပြီး၊ စိန်မုခ် လေးခု၊ မှန်ကင်း လေးခု၊ ဗြဟ္မာရုပ် ရှစ်ခု၊ ကြာခိုင် ၁၂ခု၊ နတ်ရှိခိုး ၃၁ ခု၊ ရေကြာတန်း ၃၆ ခု၊ စုစုပေါင်း အမွှမ်းပန်း ၉၅ ခု ပါရှိသည်။ ၎င်းအမွှမ်းပန်းများ၏ ရွှေသားအလေးချိန်မှာ ၄၀၇ ကျပ် ၉ ပဲ ဖြစ်ပါသည်။

(ဂ) တတိယဘုံအဆင့်သည် အချင်း (၃)ပေ(၇)လက်မ၊ အမြင့် (၁)ပေ(၃)လက်မရှိပြီး၊ စိန်မုခ် လေးခု၊ မှန်ကင်း လေးခု၊ ဗြဟ္မာရုပ် ရှစ်ခု၊ ကြာခိုင် ၁၂ခု၊ နတ်ရှိခိုး ၂၇ ခု၊ ရေကြာတန်း ၃၆ ခု၊ စုစုပေါင်း အမွှမ်းပန်း ၉၁ ခု ပါရှိသည်။ ၎င်းအမွှမ်းပန်းများ၏ ရွှေသားအလေးချိန်မှာ ၂၆၇ ကျပ် ၁၀ ပဲ ဖြစ်ပါသည်။

ရွှေထီးတော်ကြီး



(ဃ)စတုတ္ထဘုံအဆင့်သည် အချင်း (၃)ပေ၊ အမြင့် (၁)ပေ (၂)လက်မရှိပြီး၊ စိန်မုခ် လေးခု၊ မှန်ကင်း လေးခု၊ ဗြဟ္မာရုပ် ရှစ်ခု၊ ကြာခိုင် ရှစ်ခု၊ နတ်ရှိခိုး ၂၄ ခု၊ ရေကြာတန်း ၃၆ ခု၊ စုစုပေါင်း အမွှမ်းပန်း ၈၀ ခု ပါရှိသည်။ ၎င်းအမွှမ်းပန်းများ၏ ရွှေသားအလေးချိန် မှာ ၁၈၅ ကျပ် ၁၂ ပဲ ဖြစ်ပါသည်။

(င) ပဉ္စမဘုံအဆင့်သည် အချင်း (၂)ပေ(၆)လက်မ၊ အမြင့် (၁)ပေ(၁)လက်မရှိပြီး၊ စိန်မုခ် လေးခု၊ မှန်ကင်း လေးခု၊ ဗြဟ္မာရုပ် လေးခု၊ ကြာခိုင် ရှစ်ခု၊ နတ်ရှိခိုး ၂၁ ခု၊ ရေကြာတန်း ၃၆ ခု၊ စုစုပေါင်း အမွှမ်းပန်း ၇၇ ခု ပါရှိသည်။ ၎င်းအမွှမ်းပန်းများ၏ ရွှေသားအလေးချိန်မှာ ၁၆၅ ကျပ် ၁၁ ပဲ ဖြစ်ပါသည်။

(စ) ဆဋ္ဌမဘုံအဆင့်သည် အချင်း (၂)ပေ၊ အမြင့် (၁)ပေ ရှိပြီး၊ စိန်မုခ် လေးခု၊ မှန်ကင်း လေးခု၊ ဗြဟ္မာရုပ် လေးခု၊ နတ်ရှိခိုး ၁၈ ခု၊ ရေကြာတန်း ၁၉ ခု၊ စုစုပေါင်း အမွှမ်းပန်း ၄၉ ခု ပါရှိသည်။ ရွှေသားအလေးချိန် မှာ ၁၂၃ ကျပ် ၃ ပဲ ဖြစ်ပါသည်။

(ဆ) သတ္တမဘုံအဆင့်သည် အချင်း (၁)ပေ(၇)လက်မ၊ အမြင့် (၁၁)လက်မရှိပြီး၊ စိန်မုခ် လေးခု၊ မှန်ကင်း လေးခု၊ ဗြဟ္မာရုပ် လေးခု၊ ရေကြာတန်း ၁၅ ခု၊ စုစုပေါင်း အမွှမ်းပန်း ၂၇ ခု ပါရှိသည်။ ရွှေသားအလေးချိန်မှာ ၈၇ ကျပ် ၁၄ ပဲ ဖြစ်ပါသည်။

(ဇ) အဋ္ဌမဘုံအဆင့်သည် အချင်း (၁)ပေ(၃)လက်မ၊ အမြင့် (၁၀)လက်မရှိပြီး၊ စိန်မုခ် လေးခု၊ မှန်ကင်း လေးခု၊ ဗြဟ္မာရုပ် လေးခု၊ ရေကြာတန်း ၁၂ ခု၊ စုစုပေါင်း အမွှမ်းပန်း ၂၄ ခု ပါရှိသည်။ ရွှေသားအလေးချိန်မှာ ၇၃ ကျပ် ၄ ပဲ ဖြစ်ပါသည်။

(ဈ) နဝမဘုံအဆင့်သည် အချင်း (၉)လက်မ၊ အမြင့် (၉)လက်မရှိပြီး စိန်မုခ် လေးခု၊ မှန်ကင်း လေးခု၊ ရေကြာတန်း ခုနစ်ခု၊ စုစုပေါင်း အမွှမ်းပန်း ၁၅ ခု ပါရှိသည်။ ရွှေသားအလေးချိန်မှာ ၄၅ ကျပ်သား ဖြစ်ပါသည်။

ထီးတော်ကြီး၏ ဘုံကိုးဆင့်တွင် ကပ်လှူထားသော အမွှမ်းပန်း စုစုပေါင်း ၅၈၂ ခု၏ ရွှေသားအလေးချိန်စုစုပေါင်းမှာ ၂၆ ပိဿာ ၂ ပဲ ၃ ရွေး ဖြစ်ပါသည်။ ထို့အပြင် ထီးတော်ကြီးနှင့် အမွှမ်းပန်းများကို အနားသတ်ထားသော စတီးလ်ဖောင်းရစ်များကိုလည်း ရွှေဖြင့် ကွပ်ထားသည်ကို လေ့လာတွေ့ရှိရပါသည်။

**ဆက်လက်ဖော်ပြပါမည်။**

❖ မိမိတို့၏ မိတ်ဖက်များကို တိုးချဲ့ဆက်ဆံရာတွင် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မည့် အစီအမံများ ချမှတ်နိုင်ရန်လို...

❖ စီးပွားရေးအရ၊ လုံခြုံရေးအရနှင့် နည်းပညာအရဆိုသည့် မတူညီသောနယ်ပယ်အသီးသီးတွင် လိုက်ဖက်ညီအောင် ဆက်ဆံရေးတိုးမြှင့်ဆောင်ရွက်ကြရမည်ဖြစ်...

❖ အထူးသဖြင့် စီးပွားရေးအပိုင်းတွင်လည်း မိမိတို့အားလုံးသည် ပြောင်းလဲလာနေသည့် ကမ္ဘာ့အစီအစဉ်သစ် ( New World Order) နှင့် လိုက်လျောညီထွေဖြစ်အောင် ပြုပြင်ပြောင်းလဲမှုများ လုပ်ကြရမည်ဖြစ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၅ခုနှစ်၊ မတ်လ ၂၁ ရက်နေ့တွင် ပြုလုပ်သော ၂၀၂၅ အလွန် ဗဟုဝင်ရိုးကမ္ဘာတွင် မြန်မာနိုင်ငံ ကြုံတွေ့လာရမည့် စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများသုံးသပ်ဆွေးနွေးပွဲသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

# ဆိုလာအသေးစားဓာတ်အားပေးစနစ်နှင့်ရေပေးဝေရေးလုပ်ငန်းစီမံကိန်းပြီးမြောက်ခြင်း အခမ်းအနားကျင်းပ



နေပြည်တော် ဩဂုတ် ၁၀

မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုအထူးရန်ပုံငွေ(၂၀၂၃)ဖြင့် ဆောင်ရွက်သည့် ကံဆိပ်ကျေးရွာလူမှုစီးပွားဖွံ့ဖြိုးရေးအတွက် ဆိုလာအသေးစားဓာတ်အားပေးစနစ်နှင့် ရေပေးဝေရေးလုပ်ငန်းစီမံကိန်း ပြီးမြောက်အောင်မြင်ခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းက ဒေးဒရဲမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး Ms. Ma Jia နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

## အချိုးကျပူးပေါင်းထည့်ဝင်ဆောင်ရွက်ခဲ့

ဦးစွာ စီမံကိန်းဖြင့် မီးလင်းရေးလုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ခဲ့မှု မှတ်တမ်း Video ကိုပြသပြီး ပြည်ထောင်စုဝန်ကြီး ဦးလှမိုးက ဆိုလာအသေးစား ဓာတ်အားပေးစနစ်နှင့် ရေပေးဝေရေးလုပ်ငန်းစီမံကိန်းမှာမဲခေါင်- လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေ (၂၀၂၃)၊ ပြည်ထောင်စုရန်ပုံငွေ၊ သက်ဆိုင်ရာကုမ္ပဏီ၏ ရင်းနှီးမြှုပ်နှံမှုနှင့် ကျေးရွာပြည်သူ့ထည့်ဝင်ငွေတို့ အချိုးကျပူးပေါင်း ထည့်ဝင်ဆောင်ရွက်ခဲ့ခြင်း ဖြစ်ပါကြောင်း၊ အစိုးရ - ပြည်သူ- ပုဂ္ဂလိကပူးပေါင်းဆောင်ရွက်မှု၏ အသီးအပွင့်တစ်ခုလည်းဖြစ်ပြီး မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့သည့် သုံးခုမြောက် အသေးစားဓာတ်အားစနစ်စီမံကိန်းလည်း ဖြစ်ပါကြောင်း။

ကံဆိပ်ကျေးရွာ လျှပ်စစ်မီးရရှိရေးအတွက် ဆောင်ရွက်ပေးခဲ့သည့် ၉၉ ကီလိုဝပ် ဆိုလာအသေးစား ဓာတ်အားပေးစနစ်မှာ ၁၂၀ ကီလိုဝပ် အရန်ဒီဇယ် အင်ဂျင်စနစ်ပါဝင်သည့်အပြင် လျှပ်စစ်မီးရရှိမှုနှင့် အတူ သန့်ရှင်းသောသောက်သုံးရေရရှိရေးအတွက် ရေမီတာတပ်ဆင်ထားသည့် အိမ်သွယ်ရေတိုင်စနစ် ရေပေးရေးလုပ်ငန်းကိုပါ ပူးတွဲအကောင်အထည်ဖော် ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ပြီး စီမံကိန်းကို အမေရိကန်ဒေါ်လာ သုည ဒသမ ၇၈ သန်းကျော်ဖြင့် Sandisoar Renewable Energy Development International ကုမ္ပဏီလီမိတက်မှ တာဝန်ယူတည်ဆောက်ခဲ့ခြင်း ဖြစ်ပါကြောင်း၊ ကံဆိပ်ကျေးရွာစီမံကိန်း ဆောင်ရွက်ပြီးစီးခဲ့သည့်အတွက် ကျေးရွာရှိ အိမ်ခြေ ၁၅၀၊ လူဦးရေ ၇၅၀ ခန့်တို့ အကျိုးခံစားရမည်ဖြစ်ပြီး လျှပ်စစ်မီးရရှိမှု၊ ရေရရှိမှုတို့မှတစ်ဆင့် အသေးစားကုန်ထုတ်လုပ်မှုနှင့် အသေးစားစီးပွားရေးလုပ်ငန်းများကိုပါ ဆောင်ရွက်လာနိုင်မည်ဖြစ်သည့်အတွက် မိသားစုဝင်ငွေတိုးပွားပြီး ကျေးရွာနေပြည်သူများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာစေရေးကို များစွာအထောက်အကူပြုစေမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးက တရုတ်-မြန်မာနှစ်နိုင်ငံ မဲခေါင်-လန်ချန်း စီမံကိန်းပူးပေါင်းဆောင်ရွက်မှု အခြေအနေများကိုလည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ်က ဧရာဝတီတိုင်းဒေသကြီး အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကိုလည်းကောင်း ပြောကြားကြသည်။

ဆက်လက်၍ Sandisolar Renewable Energy Development International ကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာက စီမံကိန်းဆောင်ရွက်ခဲ့မှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး ဒေသခံပြည်သူတစ်ဦးက ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးနှင့် ကိုယ်စားလှယ်များက စီမံကိန်းဆိုင်ရာမှတ်တမ်းဓာတ်ပုံပြခန်းများကို လှည့်လည်ကြည့်ရှုသည်။

အခမ်းအနားအပြီးတွင် ဒေးဒရဲမြို့နယ်အတွင်းရှိ ကံဆိပ်၊ နေရောင်ကာ၊ ဘုရားချောင်း၊ တညင်ကုန်း၊ ကုန်းတန်းကလေး၊ ခြောက်အိမ်စု စသည့်ကျေးရွာများမှ ကျေးရွာသူကျေးရွာသားများနှင့် တွေ့ဆုံ၍ ပြည်ထောင်စုဝန်ကြီးက အမှာစကားစကားပြောကြားပြီး တောင်သူများ၏ တင်ပြချက်များကို ပေါင်းစပ်ညှိနှိုင်းပေးသည်။

## အခွင့်အလမ်းရရှိနိုင်မည်

ထိုမှတစ်ဆင့် ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ် တုံးတင်ကံ(တောင်)ကျေးရွာအုပ်စု သက္ကယ်ကွင်းကျေးရွာသို့ရောက်ရှိပြီး ပြည်ထောင်စုဝန်ကြီးက ခေတ်မီအဆင့်မြင့်ဆန်စက်အပါအဝင် ပေါင်းဆန်စက်၊ ဖွဲနုဆီစက်များ တည်ဆောက်ပြီးစီးပါက ကုန်ကြမ်းရရှိရေး အရေးကြီးသောကြောင့် ဒေသတွင်းရှိ ဆန်စက်ပိုင်ရှင်များ၊ တောင်သူသမဝါယမအသင်းများနှင့် ချိတ်ဆက်ကာ သမဝါယမစနစ်ဖြင့် မျိုးကောင်းမျိုးသန့်များနှင့် သွင်းအားစုများ ထောက်ပံ့ပေးပြီး ထွက်ရှိလာသော စပါးကုန်ကြမ်းများကို ပေါက်ဈေးဖြင့် ဝယ်ယူဆောင်ရွက်ပေးရန်လိုကြောင်း၊ လယ်သမားမိသားစုပေါင်း ၄၃၀၀၀ ကျော်တို့အတွက် အာမခံပေါက်ဈေးကြောင့် ခိုင်မာသော ဝင်ငွေအခွင့်အလမ်းရရှိနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် လုပ်ငန်းများ အမြန်ပြီးစီးအောင်ဆောင်ရွက်ကြရန်လိုအပ်ကြောင်း ဆွေးနွေးမှာကြားခဲ့သည်။

သတင်းစဉ်

## ဝင်းသိင်္ဂီထွန်း၏ ဟက်ထရစ်သွင်းဂိုးဖြင့် မြန်မာအသင်းက တီမောအသင်းအား အနိုင်ရရှိ



**ရန်ကုန် ဩဂုတ် ၁၀**

ဗီယက်နမ်နိုင်ငံတွင် ကျင်းပသည့် အရှေ့တောင်အာရှ ချန်ပီယံရှစ် အမျိုးသမီးဘောလုံးပြိုင်ပွဲ (အုပ်စု-ခ) ဒုတိယပွဲစဉ်အဖြစ် ယနေ့ မြန်မာစံတော်ချိန် ညနေ ၄ နာရီက မြန်မာအသင်းနှင့် တီမောအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ မြန်မာအသင်းက တီမောအသင်းအား ဝင်းသိင်္ဂီထွန်း၏ ဟက်ထရစ်သွင်းဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

မြန်မာအသင်းအတွက် သွင်းဂိုးသုံးဂိုးကို ဝင်းသိင်္ဂီထွန်းက ၄၃ မိနစ်၊ ၅၄ မိနစ်၊ ၆၂ မိနစ်တို့တွင် တစ်ဦးတည်း သွင်းယူပေးနိုင်ခဲ့သည်။

အရှေ့တောင်အာရှ ချန်ပီယံရှစ် အမျိုးသမီးဘောလုံးပြိုင်ပွဲ (အုပ်စု-ခ) ဒုတိယပွဲစဉ်တွင် ပွဲစဉ်အလိုက် အကောင်းဆုံး ကစားသမားဆုကို ဟက်ထရစ်သွင်းယူခဲ့သည့် တိုက်စစ်မှူး ဝင်းသိင်္ဂီထွန်းက ဆွတ်ခူးရရှိခဲ့သည်။

မြန်မာအသင်းသည် အရှေ့တောင်အာရှ ချန်ပီယံရှစ် အမျိုးသမီးဘောလုံးပြိုင်ပွဲ(အုပ်စု-ခ) အုပ်စုပွဲစဉ် နှစ်ပွဲစလုံး ကစားအပြီးတွင် နှစ်ပွဲစလုံး အနိုင်ရရှိခဲ့ခြင်းကြောင့် ဆီမီးဖိုင်နယ်တက်ရောက်ရန် အခြေအနေကောင်းလျက်ရှိသည်။

မြန်မာအသင်းသည် အရှေ့တောင်အာရှ ချန်ပီယံရှစ် အမျိုးသမီးဘောလုံးပြိုင်ပွဲ(အုပ်စု-ခ) နောက်ဆုံးပွဲစဉ်အဖြစ် လာမည့် ဩဂုတ် ၁၃ ရက်တွင် ဖိလစ်ပိုင်အသင်းနှင့် ယှဉ်ပြိုင်ကစားသွားရမည်ဖြစ်သည်။

(NGB)

## အင်္ဂလိပ်ကွန်မြူနတီဒိုင်း ချန်ပီယံဆုအား ခရစ္စတယ်ပဲလေ့စ်အသင်း ဆွတ်ခူး

**လန်ဒန် ဩဂုတ် ၁၀**

အင်္ဂလိပ်ကွန်မြူနတီဒိုင်း ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲစဉ်အဖြစ် ခရစ္စတယ်ပဲလေ့စ်အသင်းနှင့် လီဗာပူးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ခရစ္စတယ်ပဲလေ့စ်အသင်းက လီဗာပူးအသင်းအား ပင်နယ်တီအဆုံးအဖြတ်ဖြင့် အနိုင်ရရှိပြီး ချန်ပီယံဆုအား ထိုက်ထိုက်တန်တန် ဆွတ်ခူးခဲ့သည်။

ဗိုလ်လုပွဲစဉ်တွင် ခရစ္စတယ်ပဲလေ့စ်အသင်းနှင့် လီဗာပူးအသင်းတို့သည် တစ်ဖက်နှစ်ဂိုးစီဖြင့် သရေရလဒ်ထွက်ပေါ်နေခြင်းကြောင့် ပင်နယ်တီအဆုံးအဖြတ်ခံယူခဲ့ရာ ပင်နယ်တီအဆုံးအဖြတ်တွင် ခရစ္စတယ်ပဲလေ့စ်အသင်းက လီဗာပူးအသင်းအား သုံးဂိုး၊ နှစ်ဂိုးဖြင့် အနိုင်ရရှိပြီး ချန်ပီယံဆုအား ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

ခရစ္စတယ်ပဲလေ့စ်အသင်းသည် အသင်းသမိုင်းတစ်လျှောက်တွင် အင်္ဂလိပ်ကွန်မြူနတီဒိုင်း ချန်ပီယံဆုအား ပထမဆုံးအကြိမ်အဖြစ် ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

ခရစ္စတယ်ပဲလေ့စ်အသင်း ထုတ်ပြန်ချက်တွင် "အင်္ဂလိပ်ကွန်မြူနတီဒိုင်းချန်ပီယံဆုအား ဆွတ်ခူးနိုင်ခဲ့လို့ အတိုင်းမသိ ဂုဏ်ယူမိပါတယ်။ အခုလို ချန်ပီယံဆုရရှိအောင် အစွမ်းကုန်ကြိုးစားခဲ့ကြတဲ့ နည်းပြအဖွဲ့ဝင်တွေနဲ့ ကစားသမားတွေအားလုံးကို အထူးကျေးဇူးတင်ပါတယ်" ဟု ထုတ်ပြန်သည်။

(NGB)

